# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၀၉၅)


# ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံ၏စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာလည်ပတ်နိုင်ရေးတာဝန်ယူရမည် နိုင်ငံနှင့် မိမိအလုပ်အပေါ် တာဝန်ယူလိုစိတ်ဖြင့် တက်ကြွစွာ ထမ်းဆောင်သည့် ဝန်ထမ်းကောင်းဖြစ်အောင်ကြိုးစား






ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်သူ့ဝန်ထမ်း အကယ်ဒမီဆိုင်းဘုတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) ဖွင့်ပွဲနှင့် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲသို့တက်ရောက်၍ ပြည်သူ့ဝန်ထမ်း အကယ်ဒမီဆိုင်းဘုတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ပါမောက္ခချုပ် ဦးအောင်တင်စိုးတို့က ပြည်သူ့ဝန်ထမ်း အကယ်ဒမီဆိုင်းဘုတ်ကျောက်စာတိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ✻*

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ထူးထူးခြားခြား ဆောင်ရွက်မည်

**သတင်း-မြင့်မောင်စိုး၊ တင်ဝင်းလေး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**ရန်ကုန် ဇန်နဝါရီ ၂**

လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကြီးစိုက်ထူထားရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလ ပန်းခြံအတွင်း (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကြီးကို ထူးထူးခြားခြားကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

"၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားမှာ တက်ရောက်မယ့်အဖွဲ့တွေအနေနဲ့ နံနက် ၄ နာရီလောက်ကစပြီး ကွင်းထဲအရောက် လာရောက်ရမှာဖြစ်ပါတယ်။ ခရိုင်အလိုက် ချီတက်အဖွဲ့တွေအနေနဲ့ ကားတွေနဲ့လာရောက်ပြီး ချီတက်အလေးပြုကြမယ်လို့ သိရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံးမှ ဦးစီးအရာရှိ ဦးကျော်လွင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က သိမ်ဖြူလမ်းရှိ ယခင်အတွင်းဝန်ရုံး၌ ကျင်းပခဲ့ကြောင်း၊ ယူနီယံဂျက်အလံကို ဖြုတ်ချပြီး မြန်မာနိုင်ငံတော်အလံကို *စာမျက်နှာ ၃ ကော်လံ ၁ ✻*




# ဒီမိုကရေစီယဉ်ကျေးမှု၏ ပြယုဂ်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပြင် အခြားသော ပဓာနကျသည့် အချက်များလည်း လိုအပ်သည်ဟု ပညာရှင်များက ဆိုကြသည်။ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံပျံ့နှံ့ခြင်း၊ ဗဟိုအစိုးရက ထက်မြက်ထိရောက်စွာ ဦးဆောင်မှုပေးနိုင်ခြင်း၊ တရားဥပဒေစိုးမိုးမှုအားကောင်းခြင်း၊ ဒေသအလိုက် နယ်နိမိတ်များနှင့် ပြည်သူများဖြင့် ဖွဲ့စည်းထားသော ဒေသန္တရအစိုးရများက ဗဟိုအစိုးရ၏ ဦးဆောင်မှုနောက်မှ တစ်သဝေ မတိမ်း လိုက်ပါကာ သစ္စာစောင့်သိခြင်း စသည့်အချက်များမှာလည်း နိုင်ငံဖွံ့ဖြိုးရေးအတွက်အရေးပါပြီး အဆိုပါအချက်များ အားကောင်းသည်နှင့် အမျှအကျိုးဆက်အဖြစ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်များ၊ နိုင်ငံရေးဘောဂဗေဒပညာရှင်များက ဖော်ထုတ်တင်ပြခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့တို့လက်အောက်မှ လွတ်မြောက်ခဲ့ကြဖူးသည့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် အထက်တွင် ဆိုခဲ့သည့်အချက်များ အားနည်းကြသည့် သဘောလက္ခဏာရှိကြသည့်အလျောက် ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အဟန့်အတားများဖြစ်စေကြောင်း အဆိုပါပညာရှင်များက သုံးသပ်ကြသည်။ သဘာဝသယံဇာတများ၊ ရေ၊ မြေအရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံ၏ ပထဝီဝင်အနေအထား အားသာချက်များ စသည့် အလားအလာကောင်းများ ရှိနေပါလျက်နှင့် ဆင်းရဲတွင်းနက်ကာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဟူ၍ စာရင်းပေါက်နေခြင်းသည် မိမိတို့တွင် ရှိနေသည့် အရင်းအမြစ်များကို မှန်ကန်ထိရောက်စွာ စီမံခန့်ခွဲမှု မပြုနိုင်ခြင်းကြောင့်ဖြစ်ပြီး ယင်းသို့သော အခြေအနေမျိုးကိုလည်း ရွှေတွင်းကြီးပေါ်တွင်ထိုင်နေရင်း ဆာလောင်မွတ်သိပ်နေရသူ၏ အဖြစ်မျိုးနှင့် ဥပမာပေးကြသည်။ မိမိတို့နိုင်ငံအနေဖြင့် ဖော်ပြပါအခြေအနေမျိုးမှ လွတ်မြောက်အောင် ရုန်းကန်ကြိုးပမ်းနေသကဲ့သို့ တစ်ဖက်တွင်လည်း ဒီမိုကရေစီယဉ်ကျေးမှု၊ အလေ့အထနှင့် ကျင့်စဉ်များ ခိုင်မာအားကောင်းလာရေး၊ အစိုးရနှင့်ပြည်သူတို့အကြား ဆက်သွယ်မှုလမ်းကြောင်းများ ပွင့်လင်းလာကာ အပြန်အလှန်နားလည် အသိအမှတ်ပြုလာသည်နှင့်အမျှ အမျိုးသားစုစည်းမှု (National Integration) အားကောင်းလာရေးအတွက်လည်း အားထုတ်ကြိုးပမ်းနေပြီဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း)ကို ဇန်နဝါရီ ၁ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ရာ အဆိုပါ စကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်သူလူထု၏ဘဝတိုးတက်ရေးသည် မိမိတို့ ဦးစားပေးထားသည့် ကိစ္စနှစ်ခုဖြစ်ပါကြောင်း၊ ထိုနှစ်ခုမှာ ဆက်နွှယ်မှုရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်အေးချမ်းမှ နိုင်ငံသူ နိုင်ငံသားများ၏ဘဝတိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ဘဝတိုးတက်မှ ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိုနှစ်ခုကို အရေးအကြီးဆုံးရည်ရွယ်ချက်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များသည် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များလုပ်ပိုင်ခွင့်ပိုမိုရရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရေး၊ မတူကွဲပြားမှုမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ပြည်တွင်းစစ်ကြောင့် ရရှိခဲ့သည့် စိတ်ဒဏ်ရာများ ကုစားနိုင်ရေး၊ ပြည်သူလူထုကို ဗဟိုပြုသည့် တရားဥပဒေဖြင့် အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်များပါဝင်ရေး၊ စစ်ကြောင့် ကိုယ်အင်္ဂါဆုံးရှုံးခဲ့ရသူများအား ကူညီစောင့်ရှောက်ရေးကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အပြင် အမျိုးသားစုစည်းမှုသည်လည်း မရှိမဖြစ်လိုအပ်ချက်တစ်ရပ် ဖြစ်သည်နှင့်အညီ အမျိုးသားစုစည်းမှု ပိုမိုသိပ်သည်းခိုင်မာအားကောင်းရေးအတွက် ဒီမိုကရေစီအလေ့အထများ ထွန်းကားရေးလိုအပ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း(ငြိမ်းချမ်းရေးစကားဝိုင်း)သည် ဒီမိုကရေစီအလေ့အထနှင့် ဒီမိုကရေစီယဉ်ကျေးမှု၏ ပြယုဂ်တစ်ခုအဖြစ် ညွှန်းဆိုလိုပါကြောင်း။ ။

# ဥတ္တရသီရိမြို့နယ်တွင် မြေဆွေးပြုလုပ်ပုံ လက်တွေ့သရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဓာတ်မြေဩဇာအပြင် သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများကို ကျယ်ပြန့်စွာသုံးစွဲရေးကိုပါ နည်းပညာပေး လုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိသည်။

သဘာဝ မြေဩဇာသည် ဓာတ်မြေဩဇာနှင့်နှိုင်းယှဉ်ပါက အာဟာရဓာတ်ပါဝင်မှုမများသော်လည်း မြေဆီလွှာ၏ ရုပ်/ဂုဏ်သတ္တိ အခြေအနေများကို ပြုပြင်ပြောင်းလဲပေးနိုင်သည့်အပြင် သီးနှံအထွက်တိုးရေးအတွက် အထောက်အကူဖြစ်စေ၍ စိုက်ပျိုးမြေတွင် သဘာဝမြေဩဇာကို နှစ်စဉ်ထည့်သွင်းပေးခြင်းဖြင့် စိုက်ပျိုးမြေများ မြေဆီဩဇာ ထက်သန်လျက်ရှိကြောင်း စိုက်ပျိုးတောင်သူများ၏ ပြောပြချက်အရသိရသည်။



ထို့အတွက်ကြောင့် မြေဆွေးပြုလုပ်ပုံ လက်တွေ့သရုပ်ပြခြင်းကို ဇန်နဝါရီ ၂ရက် နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် တောင်ညိုအုပ်စု မရမ်းခုံကျေးရွာရှိ တောင်သူဦးမြင့်သိန်း၏ နေအိမ်ခြံဝင်း အတွင်း၌ လက်တွေ့သရုပ်ပြခဲ့သည်။ အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးနိုင်၊ နေပြည်တော်မြေအသုံးချရေး ဦးစီးဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများက သဘာဝမြေဩဇာ မြေဆွေးတို့၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားပြီး မြေဆွေးပြုလုပ်ပုံ အဆင့်ဆင့်အား လက်တွေ့သရုပ်ပြသခဲ့သည်။ ထို့နောက် တက်ရောက်လာသော တောင်သူများအား မြေဆွေးပြုလုပ်ပုံနှင့် သုံးစွဲနည်းလမ်းညွှန်လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး ရွက်ဖျန်းမြေဩဇာပါကင်ထုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# နှစ်သစ်မှာလူတိုင်းကျန်းမာစေရန် ဆေးကုသမှုများဆောင်ရွက်ပေး



**သံတောင်ကြီး ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်တွင် နေထိုင်ကြသော ပြည်သူများနှစ်သစ်တွင် ကျန်းမာပျော်ရွှင်စေရန်အတွက်ရည်ရွယ်ပြီး ဘုရင့်နောင် တပ်နယ်မှူးဗိုလ်မှူးချုပ်စိုးတင့်နိုင်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမှတ် (၁၅) တပ်မတော်ခုတင် ၁၀၀ ဆံ့ဆေးရုံ၊ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် zion နှစ်ခြင်း ဘုရားကျောင်းခန်းမ၌ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီမှစတင်ကာ အခမဲ့ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးကုအဖွဲ့တွင် ခွဲစိတ်ဆရာဝန်၊အရိုးအထူးကုဆရာဝန်၊ သားဖွားမီးယပ်ဆရာဝန်၊ သွားဆရာဝန်နှင့် လက်ထောက်ဆရာဝန် သုံးဦး၊ သူနာပြုဗိုလ်ကြီး ငါးဦး၊ သူနာပြုဆရာမနှစ်ဦးတို့ပါဝင်သည့် ဆေးကုသရေးအဖွဲ့သည် မွန်းလွဲ ၁ နာရီအထိ ဆေးကုသပေးခဲ့ရာ သွားဝေဒနာခံစားရသူ ၁၅ ဦး၊ သွေးတိုးရောဂါလူနာ ၂၀၊ နှလုံးရောဂါ ငါးဦး၊ အစာအိမ်ရောဂါ ၁၂ ဦး၊ အရေပြားရောဂါ သုံးဦး၊ အအေးမိဖျားနာ ၁၅ ဦး၊ လက်ကျိုးကလေး တစ်ဦး၊ ဦးနှောက်နှင့် အာရုံကြောရောဂါ ၁၄ ဦးနှင့် အသက်ရှူလမ်းကြောင်းရောဂါ ၂၇ ဦး စုစုပေါင်းလူနာ ၁၁၂ ဦးကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မူးယစ်ဆေးဝါး ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့စက်မှုဇုန်စခန်းနယ်မြေပိုင် မော်လမြိုင်-ဘားအံသွားကားလမ်းမကြီး ကျုံမနင်း၊ ကျုံဝမ်လမ်းဆုံတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ဦးဆောင်ညွှန်ကြားမှုဖြင့် စက်မှုဇုန်နယ်မြေရဲစခန်းမှူး ရဲအုပ်လွင်လွင်ထွန်းကစီစဉ်၍ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက မူးယစ်ဆေးဝါးပြခန်းယာဉ်ဖြင့် ပြည်သူများအား လှည့်လည်ပြသအသိပညာပေးမှုများကို ပြုလုပ်ကြောင်း သိရသည်။ မူးယစ်ဆေးဝါးပြခန်းအသိပညာပေးယာဉ်မှ ဒုရဲမှူး တင်ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုရဲမှူး စန်းဦး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်သန်းတင်၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲအုပ် စိုးမြင့်အောင်တို့က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **တင်ထွဋ်(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၅/၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၅/၇၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၉ ・ ၄၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

**✻ ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်သူ့ဝန်ထမ်း အကယ်ဒမီဆိုင်းဘုတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

### အဓိကကျသည့် အခန်းကဏ္ဍတွင်ပါဝင်

ဆက်လက်၍ ဒုတိယသမ္မတက ပြည်သူ့ဝန်ထမ်း အကယ်ဒမီဖွင့်ပွဲနှင့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)သို့ တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများအား အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၌ အုပ်ချုပ်ရေးကဏ္ဍသည် နိုင်ငံရေး၊ စီးပွားရေး စသည့် ကဏ္ဍအားလုံးနှင့် ဆက်စပ်နေကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဆိုပါက အဆိုပါအပြောင်းအလဲများကို လက်တွေ့ဖော်ဆောင်ပေးမည့် အုပ်ချုပ်ရေးကဏ္ဍကို အပြောင်းအလဲလုပ်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန်အရေးကြီးသကဲ့သို့ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးက ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်သည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၌ အစိုးရ၊ ပုဂ္ဂလိက မည်သည့်ကဏ္ဍတွင်မဆို စီမံခန့်ခွဲအုပ်ချုပ်မှု၊ ဝန်ဆောင်မှု၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်ကြောင်း။

နိုင်ငံတော်၌ အစိုးရအဆက်ဆက်၏ခေါင်းဆောင်သူများ ဦးဆောင်သည့် ပါတီပြောင်းလဲမှုများ ရှိသော်လည်း နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် ဆောင်ရွက်နေကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ်မူတည်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် အရည်အသွေးပြည့်မီသော ပြည်သူ့ဝန်ထမ်းကောင်းများသာမက ပုဂ္ဂလိကကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကိုပါ ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလကစပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီး၏ ကွပ်ကဲမှုအောက်တွင် "ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)" တစ်ခုစီ ဖွင့်လှစ်သွားရန် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က လမ်းညွှန်မှုပြုခဲ့ကြောင်း။

### စေတနာရှိမှသာ လမ်းမှန်ကို လျှောက်လှမ်းနိုင်မည်

ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ယခင်က ပုံမှန်သင်တန်းများတွင်ပို့ချသည့် စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးသိပ္ပံ၊ နိုင်ငံရေးသိပ္ပံ၊ ဥပဒေ စသည့်ဘာသာရပ်ငါးခုအပြင် ယနေ့ နိုင်ငံ့ဝန်ထမ်းတိုင်း မဖြစ်မနေ တတ်ကျွမ်းရန်လိုအပ်သည့် အင်္ဂလိပ်စာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်များကိုပါဖြည့်စွက်ပြီး စုစုပေါင်းဘာသာရပ် ခုနစ်ခုကို ပြည်သူ့ဝန်ထမ်းအကယ်ဒမီက နည်းပြဆရာ၊ ဆရာမများအပြင် ဘာသာရပ်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များကပါ ပို့ချပေးနိုင်ရန် စီစဉ်ထားရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို တည်ထောင်ဖွင့်လှစ်နိုင်ခြင်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ် စတင်တည်ထောင်သည့် ၁၉၆၅ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အထင်ရှားဆုံး တိုးတက်မှုတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် "ခေတ်သစ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ပညာ၊ စေတနာ၊ သတ္တိဆိုသည့် အရာသုံးမျိုးလိုအပ်ကြောင်း၊ ပညာရှိမှသာ မှန်ကန်သည့်လမ်းမှန်ကို ရွေးချယ်တတ်ပြီး လမ်းမှန်ပေါ် ရောက်ရှိမည်ဖြစ်ကြောင်း၊ လမ်းမှန်ကိုသိသော်လည်း သွားချင်သည့်စေတနာရှိရန်လိုကြောင်း၊ မိမိအကျိုးစီးပွား၊ အဖွဲ့အစည်း အကျိုးစီးပွားသာမက နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးလိုသည့် စေတနာရှိမှသာ လမ်းမှန်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ သတ္တိရှိစွာဖြင့် လမ်းသစ်ကို လျှောက်လှမ်းရန်လည်းလိုကြောင်း" လမ်းညွှန်ပြောကြားခဲ့ကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဗဟိုဝန်ထမ်းတက္ကသိုလ် စာကြည့်တိုက်အတွင်း ကြည့်ရှုစဉ် (သတင်းစဉ်)

### ပခုံးပြောင်းတာဝန်ထမ်းဆောင်

အစိုးရပြောင်းလဲခြင်း၊ ခေါင်းဆောင်ပြောင်းလဲခြင်းသည် ပါတီစုံဒီမိုကရေစီခေတ်တွင် ပုံမှန်ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ မည်သည့်ပါတီကပင် အစိုးရဖွဲ့စည်းသည်ဖြစ်စေ ဌာနအကြီးအမှူး၊ အဆင့်မြင့်အရာထမ်းများမှစ၍ အောက်ခြေအဆင့်အမှုထမ်းများအထိ ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံ၏စီမံအုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာ လည်ပတ်နိုင်ရေး၊ ပြည်သူများကို ဝန်ဆောင်မှုပေးရေးအတွက် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အပေါ် သစ္စာရှိသည့်၊ မိမိအလုပ်အပေါ် တာဝန်ယူသည့်၊ လိုလားတက်ကြွစွာဖြင့် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစားပြီး ဝန်ထမ်းအဖွဲ့အစည်း၏ ရည်မှန်းချက် အောင်မြင်ပြီးမြောက်အောင် ပါဝင်ကူညီပေးကြရန်လိုကြောင်း၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် အစဉ်လေ့လာသင်ယူပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှပါဝင်ကြရန် ထပ်မံတိုက်တွန်းလိုကြောင်း၊ ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးမဏ္ဍိုင်တည်ထောင်နိုင်ရေးနှင့် အနာဂတ်တွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် ခေါင်းဆောင်များဖြစ်လာကြမည့် လူငယ်အရာထမ်းသင်တန်းသားများအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာသင်ယူပြီး ယခုသင်တန်းမှရရှိသည့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဖွင့်လှစ်တည်ထောင်ရန်ဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင်၊ စားရိပ်သာ၊ စာသင်ဆောင်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်စာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုကြသည်။

### သင်ကြားမှုပြောင်းလဲရန်လို

ဗဟိုဝန်ထမ်း တက္ကသိုလ်များ၌ စစ်ပညာဘာသာရပ်အပါအဝင် လေ့ကျင့်ရေးကို အခြေပြုသောသင်ကြားမှုပုံစံမှ ယခုအခါ နိုင်ငံ့ဝန်ထမ်းများ၏ ပညာရည်တိုးတက်မြင့်မားမှုကို အခြေပြုသော သင်ကြားမှုပုံစံများပြောင်းလဲရန် လိုအပ်လာသည့်အတွက် ပြည်သူ့ဝန်ထမ်း အကယ်ဒမီကို ဖွင့်လှစ်တည်ထောင်ရခြင်းဖြစ်ကြောင်း သိရသည်။

### မဟာဘွဲ့ပေးအပ်သွားမည်

ထိုသို့ဖွင့်လှစ်ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သမားရိုးကျလေ့ကျင့်သင်ကြားမှုအသွင်မှ နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းများနည်းတူ အဆင့်မြင့်ပညာရပ်များကို စနစ်တကျလေ့လာသင်ကြားပေးနိုင်ရန်၊ နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက် အဆင့်မြင့်စီမံခန့်ခွဲမှုပညာရပ်များကို စာတွေ့သာမက လက်တွေ့နယ်ပယ်တွင် ကဏ္ဍအလိုက် အကျိုးရှိစွာ အသုံးချတတ်စေရန်ဖြစ်ပြီး ရာထူးအဆင့်အလိုက် အရာထမ်းလောင်းဝန်ထမ်းများအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အလယ်အလတ်အဆင့် အရာထမ်းများအတွက် အဆင့်မြင့်ဒီပလိုမာသင်တန်း၊ အဆင့်မြင့်အရာထမ်းများအတွက် မဟာဘွဲ့သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည့်အပြင် အဆင့်အလိုက် ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့တို့ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကမာရွတ်မြို့နယ် ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော် သိမ်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ထန်းတပင်ကျောင်းတိုက် (၁၀၁) ကြိမ်မြောက် ဆုတောင်းပြည့်ကိုးနဝင်းကပ်ကျော်သိမ်ဦးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၁၄ ရက်အထိ ၁၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် (၁၆) ကြိမ်မြောက် မဟာဓမ္မသဘင်ကို ဇန်နဝါရီ ၂ ရက်မှ ၆ ရက်အထိ ကျင်းပရာတွင် ၂-၁-၂၀၁၇ ရက်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၊ ဇန်နဝါရီ ၃ ရက်တွင် ဗိုလ်တထောင်မြို့နယ်ဓာတ်မီး(ဓမ္မဝါစက)ကျောင်း မဟာဂန္ထဝါစက ပဏ္ဍိတ(သ.စ.သ.အ ဓမ္မာစရိယ) အရှင်ဉာဏပရာဘိဝံသ(ဓမ္မဝါစကဆရာတော်)၊ ဇန်နဝါရီ ၄ ရက်တွင် ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် သုစိတ္တာရုံစာသင်တိုက်ဆရာတော်ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ)၊ ဇန်နဝါရီ ၅ ရက်တွင် သာသနာ့ဗေဓမ္မာစရိယ M.A(Buddhism) ဆရာတော် အရှင်တိက္ခသာရနှင့် ဇန်နဝါရီ ၆ ရက်တွင် ကမာရွတ်မြို့နယ် ထန်းတပင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဇာတ (ဓမ္မာစရိယ)တို့က ညစဉ် ၇ နာရီမှစတင်ကာ ထန်းတပင်ကျောင်းတိုက် မဟာဓမ္မသုခဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။

ထို့အပြင် (၁၅) ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ သံဃာတော်များက ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းတွင် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားရှင်များအား မြို့နယ်အတွင်း ဒေသစာရီလှည့်လည်အပူဇော်ခံပြီး ညပိုင်းတွင် မြန်မာ့ရိုးရာ "ခြင်း" အလှခတ်အဖွဲ့ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်**

**✻ ရှေ့ဖုံးမှ**

လွှင့်တင်ခဲ့ကြောင်း၊ လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲများကို ယခင်ကနေဒီကျွန်း (ယခုကန်တော်ကြီးဥယျာဉ်)၌ ကျင်းပခဲ့ကြောင်း၊ နောက်ပိုင်းတွင် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် လွတ်လပ်ရေးနေ့အခမ်းအနားများကို ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်တို့၌ ပြောင်းလဲကျင်းပခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အထိ နောက်ဆုံးကျင်းပခဲ့ကာ ယခုနှစ်လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို မဟာဗန္ဓုလပန်းခြံ၌ လက်ရှိဒီမိုကရေစီအစိုးရလက်ထက်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးကို ၁၉၄၉ ခုနှစ်က မြန်မာဗိသုကာပညာရှင် စည်သူဦးတင်က တည်ဆောက်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၎င်းဗိသုကာပညာရှင်မှာ ရန်ကုန်မြို့တော်ခန်းမ၊ ရန်ကုန်ဘူတာကြီး၊ မြို့မကျောင်း စသော ရှေးဟောင်းအဆောက်အအုံများကို တည်ဆောက်ခဲ့သူဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့လွတ်လပ်ရေးကျောက်တိုင်ကြီးသည် အမြင့်အားဖြင့် ပေ ၁၅၀ ရှိပြီး ဆူးလေစေတီတော်၏ ထီးတော်အောက် နှစ်ပေသာ နိမ့်ကြောင်း၊ လွတ်လပ်ရေးကျောက်တိုင်၌ မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း၊ လွတ်လပ်ရေးသန္နိဋ္ဌာန်တို့ကို ကျောက်ထက်အက္ခရာထိုးကာ ကမ္ပည်းမှတ်တမ်းတင်ထားခဲ့ကြောင်း သိရသည်။

မဟာဗန္ဓုလပန်းခြံ၌ လွတ်လပ်ရေးနေ့ကို ကျင်းပခြင်းဖြင့် လွတ်လပ်ရေးနေ့ ဦးတည်ချက်များနှင့်အညီ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် လွတ်လပ်ရေး၏ အနှစ်သာရကို ပိုမိုပြည့်ဝစွာ ခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေး၏ တန်ဖိုးကို ပိုမိုသိရှိ ခံစားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အစိုးရသစ်အဖွဲ့တက်လာပြီးနောက် ပထမဦးဆုံးအကြိမ်ကျင်းပသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲများကို တစ်တိုင်းတစ်ပြည်လုံးအနေဖြင့် ထူးခြားစွာ၊ စည်ကားသိုက်မြိုက်စွာ ဂုဏ်ယူဝင့်ကြွားစရာအဖြစ် ဆောင်ရွက်သွားရန် ပြင်ဆင်ထားကြမည်ဟု ယုံကြည်မိသည်။

အလှမ်းကွာဝေးသည့်အတွက် အခြားသောပြည်နယ်၊ တိုင်းဒေသကြီးတို့၌ မည်သို့မည်ပုံ ပြင်ဆင်ထား၍ ကျင်းပသွားမည်ကို မသိရသော်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုအလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားရန်အခမ်းအနားအတွက် မဟာဗန္ဓုလပန်းခြံအတွင်း ပြင်ဆင်ထားမှုကို တွေ့ရသူတိုင်းက အံ့သြဝမ်းသာ ပီတိဖြစ်နေကြသည်။

မြို့တော်ခန်းမရှေ့ရှိ ပန်းခြံအဝင်အဝ၌ နီညိုရောင်ကတ္တီပါပိတ်စနောက်ခံတွင် ရွှေရောင်ကနုတ်ပန်းတို့ဖြင့် အလှဆင်ထားသည့် ကြီးမားသော မုခ်ဦးကြီးကို တွေ့ကြရမည်ဖြစ်သည်။ ထိုမုခ်ဦးအပေါ်ထိပ်၌ နိုင်ငံတော်အလံတို့မှာ လေထဲတွင် လွင့်ပျံနေကြသည်။

ထို့ထက်ပို၍ ထူးခြားသည်မှာ အင်္ဂလိပ် တော်လှန်ရေး/ဂျပန်တော်လှန်ရေး ကာလအသီးသီးတွင် အသုံးပြုခဲ့သော တော်လှန်ရေး (BIA/BDA) အလံများပင်ဖြစ်ပြီး ပန်းခြံရှေ့အကာအရံခြံစည်းရိုး၌ စိုက်ထူထားခြင်း ဖြစ်သည်။

ကျောက်တံတားမြို့နယ် ၃၉ လမ်း၌နေထိုင်သော အသက် ၆၅ နှစ်အရွယ်ရှိ ဦးစိုးဝင်းထွန်းက "ကျွန်တော့်တစ်သက်နဲ့ တစ်ကိုယ် အခုလို အနှစ်သာရရှိတဲ့၊ အဓိပ္ပာယ်ပြည့်စုံတဲ့ လွတ်လပ်ရေးနေ့အခမ်းအနား ဒီပန်းခြံထဲမှာ ကျင်းပခဲ့တာကို မကြုံတွေ့ရဖူးဘူး။ လွတ်လပ်ရေးကျောက်တိုင်ကြီးကို နောက်ခံထားပြီး ပြင်ဆင်ထားတာ ဂုဏ်ယူစရာပါပဲ။ အဲဒီနေ့မနက်ကျရင် အစောကြီးထလာပြီး ကြည့်ဦးမယ်" ဟု ပြောကြားသည်။

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲ အခမ်းအနားကျင်းပ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ် (သတင်းစဉ်)



**ရန်ကုန် ဇန်နဝါရီ ၂**

ပြည်သူ့ဝန်ထမ်း အကယ်ဒမီဖွင့်ပွဲ အခမ်းအနားနှင့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဦးပွားနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးညီညီစံတို့က ပြည်သူ့ဝန်ထမ်း အကယ်ဒမီကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ပည်း မော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် ပြည်သူ့ဝန်ထမ်း အကယ်ဒမီဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းတို့ ပြောကြားသည့် မိန့်ခွန်းကို ရတနာသိဃ်ခန်းမ၌ ဗီဒီယို ဖြင့်ပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဖွင့်လှစ် တည်ထောင်ခြင်းမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မျိုးမြင့်၊ EU Delegation မှ Programme Manager Mr. Patrick Mcclay တို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဦးဝင်းမော်နှင့် တာဝန်ရှိသူများက ပြည်သူ့ဝန်ထမ်း အကယ်ဒမီဖွင့်လှစ်ခြင်း အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ဝင်းအတွင်းရှိ သင်တန်းသား၊ သင်တန်းသူများ စာသင်ဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာတို့အား လှည့်လည်ကြည့်ရှုသည်။

ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)ကို ဇန်နဝါရီ ၂ ရက်မှ မေ ၄ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသူ သင်တန်းသား ၆၁ ဦး တက်ရောက်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဘက်မှ ပံ့ပိုးကူညီနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်



**နေပြည်တော် ဇန်နဝါရီ ၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအုပ်စု၌ ကြာစွယ်စိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ကြာစွယ် စိုက်ပျိုးထုတ်လုပ်မည့် အခြေအနေများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ယခုကြာစွယ် စိုက်ပျိုးရေးလုပ်ငန်းသည် pilot project ဖြစ်သည့်အတွက် အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း၊ တွေ့ကြုံလာသည့် အခက်အခဲများကို အောင်မြင်အောင် တစိုက်မတ်မတ်ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်ဘက်မှ ပံ့ပိုးကူညီနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)သို့ ရောက်ရှိရာ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက္ကူစက်ရုံမှ တာဝန်ရှိသူများက စက်ရုံ မလည်ပတ်နိုင်သည့် အကြောင်းရင်းနှင့် စက်ရုံ၏ လက်ရှိအခြေအနေများအား ရှင်းလင်းတင်ပြသည်။ **(ဝဲပုံ)** ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လာရောက်ခြင်းသည် စက်ရုံမလည်ပတ်နိုင်ခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေမှ နှစ်စဉ် ကျခံနေရသည့် အခြေအနေ၊ နိုင်ငံခြားသုံးငွေဖြင့် ချေးငွေပေးဆပ်နေရမှုအခြေအနေ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ လုပ်အားဆုံးရှုံးနေမှု အခြေအနေများအား ဆွေးနွေးပြောကြားပြီး စက်ရုံကို နိုင်ငံတော်ပိုင်အနေဖြင့် ဆက်လက်လည်ပတ်မည်ဆိုပါက စက်ရုံအတွက် ကုန်ကြမ်းလိုအပ်မှုနှင့် ရရှိနိုင်မှု အခြေအနေ၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ရန် လိုအပ်ချက်များ၊ နိုင်ငံခြားမှ ထပ်မံဝယ်ယူရန် လိုအပ်သည့် စက်ပစ္စည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များ၊ ကုန်ချောထွက်ရှိလာမည်ဆိုပါက ထွက်ရှိလာမည့် ကုန်ချောများအတွက် ဖြစ်ပေါ်လာနိုင်သည့် ဈေးကွက် အခြေအနေ၊ နိုင်ငံတော်မှ အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေများ၊ ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးအပ်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက္ကူစက်ရုံမှ တာဝန်ရှိသူများနှင့် အသေးစိတ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စုံညီခုံရုံးက ရွေးကောက်ပွဲ အယူခံမှုအမှတ် (၂၈) အား ဇန်နဝါရီ ၁၇ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသိန်းရီ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ယင်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့(၃)ဖြင့် ကြားနာစစ်ဆေးစေခဲ့ရာ လျှောက်ထားသူ၏ ကန့်ကွက်လွှာအား စရိတ်နှင့်တကွပယ်ကြောင်း ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် လျှောက်ထားသူ ဦးသိန်းရီက ကျေနပ်မှုမရှိသဖြင့် အယူခံမှု လျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂၈/၂၀၁၆)ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

ယင်းအမှုကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံး ရှေ့မှောက်၌၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂ရက် (တနင်္လာနေ့)တွင်နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ပတ်လမ်း ကတ္တရာခင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း အခြေအနေကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၄)မှ တည်ဆောက် ပြီးစီးသော အရှည်ပေ ၅၀၀၊ အနန်းကွင်းတံတား အခြေအနေနှင့် တံတားချဉ်းကပ်လမ်းအား ကတ္တရာဖျန်းစက်၊ ကျောက်ဖျန်းစက်များဖြင့် ကတ္တရာခင်းနေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့နောက် သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် သံလွင်တံတား(ချောင်းဆုံ)သည် မွန်ပြည်နယ် မော်လမြိုင်မြို့မုပွန်အရပ်နှင့် ဘီလူးကျွန်းရှိ ကညော်ကျေးရွာတို့ကို ဆက်သွယ်ကာ သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ Main Steel Truss နှင့် Steel Box ဖြစ်ပြီး တံတားအောက်ထည်ကို သံကူကွန်ကရစ် Bored Pile၊ အပေါ်ထည် သံမဏိ သံပေါင် ခုံးတံတားနှင့် Steel Box Girde+ RC Concrete တို့ဖြင့် တည်ဆောက်ထားကာ စုစုပေါင်း တံတားအရှည်မှာ ၅၂၀၃ ဒသမ ၄ ပေ၊ ၁၅၈၆ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းမောင်းနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေ၊ သုံးလက်မ ပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၄၂၆ ပေ၊ အမြင့် ၄၆ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ယခု တည်ဆောက်လျက်ရှိသော သံလွင် တံတား(ချောင်းဆုံ)စီမံကိန်းမှာ သံလွင် မြစ်ကိုဖြတ်၍ ကိုးစင်းမြောက် တည်ဆောက်ထားသော တံတားဖြစ်ပြီး မွန်ပြည်နယ်တွင် ဒုတိယမြောက် သံလွင်မြစ်ကိုဖြတ်၍ တည်ဆောက်ထားသော တံတားတစ်စင်းဖြစ်သည်။ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အဓိကကျွန်းကြီးတစ်ခုနှင့် ပြည်မ ဆက်သွယ်သော ပထမဦးဆုံး တည်ဆောက်ထားသော တံတားတစ်စင်းလည်းဖြစ်သည်။ တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၇၇ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက် ၂၀၁၇ ခုနှစ် ဇန်နဝါရီ လဆန်းပိုင်းတွင် တံတား တစ်စင်း လုံး တည်ဆောက်ပြီးစီးမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့



လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ညွှန်ကြားရေးမှူး(မြို့ပြ)များ၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)များနှင့် တွေ့ဆုံဆွေးနွေးသည်။ **(သတင်းစဉ်)**

# ဖျာပုံမြို့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများ စည်ကားစွာကျင်းပ

**ဖျာပုံ ဇန်နဝါရီ ၂**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီက ဦးဆောင်လျက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများကို ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဖျာပုံမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့ပေါ်တွင် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ၊ ကုန်စည်ပြပွဲ၊ အားကစားပြိုင်ပွဲများ၊ ဈေးရောင်းပွဲတော်များ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဈေးဝယ်၊ ဈေးရောင်းသူ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇန်နဝါရီ ၅ ရက်အထိ စည်ကားစွာ ကျင်းပမည် ဖြစ်သည်။

"ဒီနှစ်လွတ်လပ်ရေးပွဲတော်က အရင်နှစ်ကထက် ပိုစည်ပါတယ်၊ ဈေးတန်းတွေကလည်း ဖျာပုံမြို့ ၅ လမ်း အထက (၁) ကျောင်းရှေ့မှ ဆေးရုံရှေ့အထိ၊ ဒုတိယလမ်းမှာဆိုရင်လည်း သီရိအဏ္ဏဝါခန်းမမှ ဗဟာဗန္ဓုလ လမ်းအထိ ဈေးရောင်းသူ၊ ဈေးဝယ်သူတွေနဲ့ စည်ကားနေပါတယ်။ ကလေးတွေ ကစားလို့ရတဲ့ ရဟတ်တို့ ကစားကွင်းတို့ကိုလည်း အစုံ တွေ့ရပါတယ်"ဟု ဒေသခံ ကိုကြည်စိုးက ပြောသည်။

ယခုနှစ် ဖျာပုံမြို့သီရိအဏ္ဏဝါခန်းမတွင် ကျင်းပလျက်ရှိသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကုန်စည်ပြပွဲတွင် ဖျာပုံ မြို့ကြီးကြာလျှပ်စစ်မှ ကိုဝီချိုင်းက "အခု ခင်းကျင်းပြသ ရောင်းချလျက်ရှိတဲ့ ကုန်စည်ပြပွဲ ဈေးရောင်းခြင်းမှ ရရှိမယ့် အကျိုးအမြတ်ငွေအားလုံးကို ဖျာပုံမြို့ရှိ ပရဟိတလုပ်ငန်းတွေအတွက် အသုံးပြုဖို့ ရည်ရွယ်ထားပါတယ်" ဟု ပြောသည်။

ဖျာပုံမြို့နယ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး၊ စည်းလုံးညီညာအောင်ကြောင်းဖြာဟူသော ဆိုစကားနှင့်အညီ အချင်းချင်း စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်လိုသော အလေ့အထကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် လှေလှော်ပြိုင်ပွဲ၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ မုန့်စားပြိုင်ပွဲ၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်၊ မီနီမာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ ဘောလုံးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဖူဆယ်ဘောလုံးပြိုင်ပွဲမျိုးစုံ ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

○ *ကျောဖုံးမှ*

၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် MMA ပြိုင်ပွဲများအနက် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဇူလိုင် ၁၄ ရက်တွင် ပထမအကြိမ်၊ နိုဝင်ဘာ ၃ ရက်တွင် ဒုတိယအကြိမ် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ MMA ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်က စတင်ကျင်းပခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် အောင်လအန်ဆန် လာရောက်ယှဉ်ပြိုင်ခြင်းနှင့်အတူ ပိုမိုရေပန်းစားလာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် MMA ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ နှစ်ကြိမ်ကျင်းပခဲ့ပြီး ယင်းနှစ်ကြိမ်စလုံးတွင် အောင်လအန်ဆန် ယှဉ်ပြိုင်ခဲ့ကာ ပရိသတ်စိတ်ဝင်စားမှုမှာလည်း ယခင်ကထက် ပိုမိုမြင့်တက်လာခဲ့သည်။

၂၀၁၆ ခုနှစ် MMA ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခွင့်မရခဲ့သည့် အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ်တွင် ထိုးသတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အောင်လအန်ဆန်သည် မြန်မာနိုင်ငံ၌ထိုးသတ်မည့် နှစ်ပွဲအပါအဝင် ယခုနှစ်အတွင်း၌ ပြိုင်ပွဲသုံးပွဲနှင့်အထက် ထိုးသတ်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ်တွင် ပထမဆုံးပြိုင်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ပိုလာရန်နှင့် ထိုးသတ်မည်ဖြစ်ပြီး ထိုးသတ်မည့်နေရာနှင့် ရက်ကို ONE Champion Ship အဖွဲ့အစည်းမှ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ အောင်လအန်ဆန်သည် ၂၀၁၆ ခုနှစ်အတွင်း ပြိုင်ပွဲသုံးပွဲ ထိုးသတ်ခဲ့ရာ သုံးပွဲစလုံး အနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် မတ်လက ရန်ကုန်မြို့၌ ကျင်းပသည့်ပွဲတွင် အီဂျစ်နိုင်ငံသား မိုဟာမက် အလီကို ပထမအချီတွင် လည်းကောင်း၊ ဇူလိုင်လတွင် တရုတ်နိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ရုရှားနိုင်ငံသား ဘူတိုရင်ကိုလည်းကောင်း၊ အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ကျင်းပသည့်ပွဲတွင် ပိုလန်နိုင်ငံသား ပတ်စတာနက်ခ်ကိုလည်းကောင်း အနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် ပထမနှစ်ပွဲတွင် ၎င်း၏ နာမည်ကျော် ချုပ်ကွက်ဖြင့် အနိုင်ယူခဲ့ပြီး နောက်ဆုံးပွဲတွင် အမှတ်ဖြင့် အနိုင်ရခဲ့သည်။

# ဘမ်းပုံရေလွှဲဆည်မှ နွေစပါးစိုက်ဧက ရေတိုးချဲ့ပေးဝေမည်



**ရေတာရှည် ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု စစ်တောင်းမြစ်အရှေ့ကမ်းရှိ ပိန္နဲပင်၊ ဘိုတဲစု၊ ကရင်ဖြူကျေးရွာများမှ ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကတာဝန်ယူပြီး တောင်ပေါ်ဒေသမှ စီးဆင်းလျက်ရှိသည့် ဘမ်းပုံချောင်းငယ်ကိုပိတ်၍တည်ဆောက်ထားသော ရေလွှဲဆည်မှ နွေစပါးများတိုးချဲ့စိုက်ပျိုးနိုင်ရန်ပြုပြင်ပြီးသွားပြီဖြစ်ကြောင်း သိရသည်။ "အရင်ကရေတံခါးတွေမကောင်းတော့ နွေစပါးစိုက်ဧက ၁၃၀ ကျော်ပဲ ရေပေးနိုင်တာ၊ အခုရေတံခါးအသစ်တွေတပ်လိုက်တော့ ရေအလေအလွင့်နည်းသွားတယ်။ မြေကေလည်း ပိုပေးနိုင်တာပေါ့၊ အခုနွေစပါးစိုက်ရာသီမှာ ဧက ၁၅၀ ကျော်အထိ စိုက်ပျိုးနိုင်တဲ့အတွက် တောင်သူတွေလည်းအများကြီး အဆင်ပြေမှာပါ"ဟု မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးက ပြောသည်။

**ကိုလွင်(ဆွာ)**

# လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ စိမ်းလန်းစိုပြည်ပန်းခြံတွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ အင်းလျားကန်ပေါင်ရှိ စိမ်းလန်းစိုပြည်ပန်းခြံတွင် အသက် ၃ နှစ်မှ ၁၀ နှစ် အတွင်းရှိ ကလေးများအတွက် SMART KIDS ၏ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပျော်ပွဲရွှင်ပွဲတွင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်တိုးတက်စေမည့် ပျော်ရွှင်စရာဂိမ်းများ၊ ကျန်းမာကြံ့ခိုင်သွက်လက်စေမည့် ကစားနည်းများ၊ ကလေးငယ်များအတွက် အမှတ်တရ လက်ဆောင်များ၊ ချစ်စရာကာတွန်းဇာတ်ကောင်များနှင့် ဓာတ်ပုံအတူရိုက်မည့် Photo Corner များဖြင့် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကစားနိုင်ကြောင်း သိရသည်။

**အောင်သူရ**

# လွပ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၂**

ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၆၉) နှစ်မြောက် လွပ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ညောင်တုန်းမြို့နယ် ရွှေသောင်ယံ အမကကျောင်းတွင် ပညာရေးနှင့် အားကစားတို့ပူးပေါင်း၍ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ မုန့်စား၊ အာလူးကောက်၊ အပ်မြီးထိုး၊ ဂုန်နီအိတ်စွပ်၊ ပူဖောင်းဖောက်၊ ဆန်ကောရွက်၊ စာအုပ်ရွက်၊ ကြက်ဖခွပ်၊ သုံးချောင်းထောက်၊ မီတာ ၄၀၀ လက်ဆင့်ကမ်း၊ ချောတိုင်တက်၊ ဘောလုံး (ဂိုးကျဉ်း) ကစားနည်းများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာအမည်၊ ကမ္ဘာတည်ရန်

**၁၈၈၅ ခုနှစ်**

နယ်ချဲ့စစ်ရူး၊ စစ်ဘီလူးတို့
ကျူးကျော်တိုက်ဖျက်၊ ကုန်းဘောင်ဆက်လျှင်
ထီးပျက်စည်ပေါက်၊ နေလပျောက်သို့
ကျရောက်ခဲ့ရ ကျွန်ဘဝ။
သူ့ကျွန်မခံ တွန်းလှန်ကြ။

**၁၉၄၅ ခုနှစ်**

ဒိုင်းဝန်ထက်ကဲ၊ မောင်ပုလဲသို့
ညှဉ်းဆဲသာလွန်၊ ဘဝန္ဒနစ်
နိပ္ပွန်ဖက်ဆစ်၊ ဆိုးယုတ်ညစ်၍
မျိုးချစ်ဇာနည်၊ ရန်မျိုးနှည်၍
အောင်စည်အောင်မောင်း အောင်သံလွှင့်။
အောင်ပန်းအောင်ခန်း အောင်လံလွှင့်။

**၁၉၄၇ ခုနှစ်**

လွတ်လပ်ရေးပန်း၊ ရယူလှမ်းခိုက်
လူသွမ်းတစ်စု၊ လုပ်ကြံမှုကြောင့်
ပြည်သူ့လက်ရုံး၊ ပြတ်ကြေဆုံးသော်
မိုးလုံးခြိမ်းသံ ညံတကား။
လေနီမုန်တိုင်း ရိုင်းတကား။
မြေပြင်မှုးမှုး လူးတကား။

**၁၉၄၈ ခုနှစ်**

ကမ္ဘာကြေလည်း၊ မကျေဥဒါန်း
ပြည်ချစ်ပန်းများ၊ စိတ်ဝမ်းလက်ညီ
ရှေ့သို့ချီ၍၊ ရောင်နီစွေးစွေး
လွတ်လပ်ရေးပန်း ပွင့်ကြိုင်လန်း။

**မျက်မှောက်ကာလ**

တိုင်းပြည်လူမျိုး၊ ချစ်မြတ်နိုး၍
အမျိုးဘာသာ၊ သာသနာနှင့်
မြန်မာအမည်၊ ကမ္ဘာတည်ရန်
ခိုင်ကျည်နိုးကြား၊ အမျိုးသားတို့
ကြိုးစားမနေး ဆောင်ရွက်ပေး။
စောင့်ရှောက်ထိန်းပေး လွတ်လပ်ရေး။
ဒီမိုကရေစီရေး တို့အရေး။ ။

**မောင်နေလ**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲ ကျင်းပ

**ဖန်းမောက် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြသူဇာနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်မိခင်များတက်ရောက်ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာ ဖြိုးကျော်အောင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများက ပြိုင်ပွဲဝင်ကလေးငယ်များအား ပြိုင်ပွဲဝင် စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်း၊ ကလေးမိခင်များအား ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကလေးပြိုင်ပွဲကျင်းပရာ မွေးကင်းစမှတစ်နှစ်ခွဲအထိ ပြိုင်ပွဲဝင်ကလေးငယ် စုစုပေါင်း ၁၂၃ ဦး လာရောက်ယှဉ်ပြိုင်ကာ ဆုရရှိသောကလေးငယ်များအား ဇန်နဝါရီ ၄ ရက်နေ့တွင် ဆုချီးမြှင့်သွားမည်ဖြစ်ပြီး (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၂**

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲများကို ဘော်လီဘော၊ ဘောလုံး၊ ဖူဆယ်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်းများဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**




## ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းတို့မှ စာအုပ်များပေးအပ်လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းတို့မှ မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း နန်းမြို့ ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသစာအုပ် ၂၀၀ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါ ကျောင်းစာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးရဲတင့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)က ယနေ့ ဒီမိုကရေစီစနစ်တွင် လူတစ်ဦးချင်းစီ၌ အသိပညာ ဗဟုသုတရှိရန် လိုအပ်ကြောင်း၊ ခိုင်းမှလုပ်တတ်သည့် အကျင့်စရိုက်ကို ပယ်ဖျက်၍ မိမိအယူအဆ အတွေးအခေါ်ဖြင့် မှန်ကန်စွာ လုပ်ကိုင်နိုင်ရန် အရေးကြီးကြောင်း၊ ထိုသို့လုပ်ကိုင်နိုင်ရန် ကျောင်းစာတစ်ခုတည်းဖြင့် မလုံလောက်နိုင်ဘဲ ပြင်ပသုတစာပေများ ဖတ်ရှုနိုင်ရန်လိုအပ်သဖြင့် နိုင်ငံတော်က ကျောင်းစာကြည့်တိုက်များ၊ ရပ်ကျေးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် အစဉ်သဖြင့် ထောက်ပံ့ကူညီပေးလျက်ရှိပြီး လူငယ်များ ပြင်ပစာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ယခုလို လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကျောင်းစာကြည့်တိုက် ဒုတိယတာဝန်ခံ ဒေါ်ဝင်းသီတာက ကျောင်းသားများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ဘာသာရပ်ဆိုင်ရာများအပြင် စာကြည့်တိုက်အချိန်ကို သင်ကြားရေးအချိန်ဇယားတွင် ထည့်သွင်းထားကြောင်း၊ ယခုကဲ့သို့ စာအုပ်စာစောင်များ လှူဒါန်းပေးကြသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါလှူဒါန်းပွဲတွင် အလှူရှင်များကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးရဲတင့်က ပေးအပ်ခဲ့ရာ ကျောင်းစာကြည့်တိုက် ဒုတိယတာဝန်ခံ ဒေါ်ဝင်းသီတာနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ကန်မိန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒသည် သက်တော်(၈၆)နှစ် သိက္ခာတော် (၆၆)ဝါအရ ၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၂ ရက် (၃၀-၁၂-၂၀၁၆)သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အရေးပေါ်အစည်းအဝေး ကျင်းပ



**စစ်ကိုင်း ဇန်နဝါရီ ၂**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၇)ကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ကြယ်ပွင့်ပြမေးခွန်းငါးခု မေးမြန်းပြီး တိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းကို တင်သွင်းခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦးရှိသည့်အနက် ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေးသို့ ၉၄ ဦး တက်ရောက်ပြီး ခုနစ်ဦး ခွင့်ဖြင့် ပျက်ကွက်ရာ တက်ရောက်သူ ၉၃ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းထံမှ သိရသည်။

အရေးပေါ်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများအဖြစ် ယင်းမာပင်မြို့နယ်မဲဆန္ဒနယ်အမှတ် ၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီက နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသော လမ်းအဆောက်အအုံများကို အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာတွင် စာချုပ်ချုပ်ဆိုစဉ်က မည်သည့်ပုံစံ၊ မည်သည့်အချိုးများဖြင့် ချုပ်ဆိုမှုမသိရှိရသဖြင့် အခက်အခဲများ တွေ့ရှိရမှုအား မည်သို့ဖြေရှင်းဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် ယင်းမာပင်မြို့သည် ခရိုင်အဆင့်မြို့ဖြစ်သည်နှင့်အညီ မီးလုံလောက်စွာ ချိတ်ဆက်သွယ်တန်းနိုင်ရန် ၁၀၀ မဂ္ဂါဝပ်ဓာတ်အားတိုးချဲ့ပေးရန် အစီအစဉ် ရှိ မရှိကို မေးမြန်းရာ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လဟယ်မြို့နယ်မဲဆန္ဒနယ်အမှတ် ၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကယ်က မြို့ပြစည်ပင်သာယာရေးအတွက် ပြည်သူထည့်ဝင်ငွေ(စည်ပင်ခွန်)အလွန်နည်းပါးသောဒေသရှိ မြို့နယ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရသို့ ရန်ပုံငွေထည့်သွင်းတောင်းခံနိုင်မှုရှိ မရှိသိရှိလိုပါကြောင်း မေးမြန်းခဲ့သလို ဝေးလံသီခေါင်သော ဒေသရှိမြို့ရွာများ အချိုးညီဖွံ့ဖြိုးတိုးတက်လာစေရန် မည်သည့်အစီအမံများ ဆောင်ရွက်လျက်ရှိသည်ကိုသိရှိလိုကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဝေးလံခေါင်ဖျားဒေသရှိ မြို့နယ်များတွင် လိုအပ်လျက်ရှိသော စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြည့်စွက်ရန်ပုံငွေထည့်သွင်းပေးစေရန် ရှိ မရှိနှင့် မရှိလျှင် အဘယ့်ကြောင့် မရှိကြောင်း စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက်တိုင်းဒေသကြီးအဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းကမူကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကို ကြေညာပြီး အစည်းအဝေးပထမနေ့ရပ်နားကြောင်းနှင့် အရေးပေါ်အစည်းအဝေးဒုတိယနေ့ကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ကြေညာသည်။

**မျိုးဝင်းထွန်း (မုံရွာ)**




# မန္တလေးအမေနေ့ အလွတ်တန်း ဝတ္ထုတို၊ ကဗျာဖိတ်ခေါ်ပြိုင်ပွဲ ဆုစာရင်းထုတ်ပြန်ကြေညာ

**မန္တလေး ဇန်နဝါရီ ၂**

(၂၁) ကြိမ်မြောက် မန္တလေးအမေနေ့ကျင်းပရေးကော်မတီ၊ စာပေပြိုင်ပွဲကြီးကြပ်ရေးကော်မတီက (၂၁)ကြိမ်မြောက် အမေနေ့ အလွတ်တန်း ဖိတ်ခေါ်ဝတ္ထုတို၊ ကဗျာရှည်ပြိုင်ပွဲဆုရစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

အဆိုပါပြိုင်ပွဲသို့ ဝတ္ထုတိုပြိုင်ပွဲဝင်စာမူ ၁၁၅ ပုဒ်နှင့် ကဗျာရှည်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်စာမူ ၁၀၉ ပုဒ် ဝင်ရောက်ယှဉ်ပြိုင်သည်ဟု သိရသည်။

ဝတ္ထုတိုဆုရရှိသူများမှာ ပထမဆု နှင်းခါးဝိုင်၊ ဒုတိယဆု တေဇာမောင်မောင်၊ တတိယဆု သျှားလူ၊ နှစ်သိမ့်ဆုများအဖြစ် ခရမ်းသစ်လူ၊ စောငယ်ငယ်(မိုးညှင်း)၊ အေးမွန်ကျော်(နမ္မတီး)၊ ရွှေစင်ထိုက်အောင်၊ အောင်ဇော်ဦး(ကြို့ပင်ကောက်)၊ ဗေဒါ(နမ္မတူ)၊ မမိုးမြင့်၊ ချိုထွေး(ကူမဲ)၊ သွေးနီနီ၊ ကောလိယဝေယံမောင်မောင်၊ ယွန်းသန့်နိုင်၊ ရာဟုမေတို့ရရှိသည်။

ကဗျာရှည်ပြိုင်ပွဲတွင် ပထမ လွင်မြန်မာ၊ ဒုတိယ လမင်းခါ၊ တတိယ စနေမင်းဝေနှင့် နှစ်သိမ့်ဆုများအဖြစ် ရွှေဘ(ငါးဇွန်)၊ ဒီလူညာ၊ စေပိုင်ထွဋ်တို့ ရရှိသည်။

ဆုရရှိသူများသည် ၁၃၇၈ ခုနှစ် ပြာသိုလပြည့်နေ့ (၁၂-၁-၂၀၁၇) မွန်းတည့် ၁၂ နာရီအရောက် မန္တလေးမြို့ ၅၅ လမ်းနှင့် ၃၅ လမ်းထောင့်၊ ပရိယတ္တိသာသနာ့ဟိတအသင်း (ဦးလှသိန်း-ဗိမာန်) သို့ ရောက်ရှိရမည်ဟု သိရှိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် နောင်ချိုမြို့တွင် ၆ ဒီဂရိတ်စင်တီဂရိတ်တို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပဏ္ဏာမလူရွေးချယ်

**မန္တလေး ဇန်နဝါရီ ၂**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အထက်မြန်မာပြည်၊ တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ၏ ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲဖွင့်ပွဲနှင့် ပဏ္ဏာမလူရွေးချယ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးအဝေးသင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ တင်မောင်လှက အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

"အထက်မြန်မာပြည် တက္ကသိုလ်/ဒီဂရီကောလိပ်၊ ပညာရေးကောလိပ် စတဲ့ ကျောင်းပေါင်း ၂၀ မှ ကာယဗလမောင်နဲ့ ကာယအလှမယ် ၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ ဒီလိုပွဲမျိုးကျင်းပတာ အခုဆိုရင် (၇)ကြိမ်မြောက်ရှိပါပြီ၊ ကျောင်းသားကျောင်းသူတွေကို ကျောင်းစာသင်ခန်းထဲသာမက အပြင်ဘက်မှာ အားကစားတွေ၊ လူမှုရေးလုပ်ငန်းတွေ လုပ်နိုင်ဖို့အတွက် ရည်ရွယ်တာပါ။ တက္ကသိုလ်အသီးသီးမှာ ပထမရခဲ့ကြတဲ့ ကလေးတွေ ဒီမှာ လာပြိုင်ကြတာပါ။ ဆေးစစ်တဲ့နေ့မှာ ၂၁ နှစ်အောက်ဆိုရင် အငယ်တန်း သတ်မှတ်ပြီး ၂၁ နှစ်ကျော်ရင် အကြီးတန်း သတ်မှတ်ပါတယ်။ ဆေးစစ်တဲ့နေရာမှာ တက္ကသိုလ်တွေက ဒိုင်သင်တန်းဆင်းထားတဲ့ ဆရာ ဆရာမတွေနဲ့ အား/ကာ သိပ္ပံက ဆရာကြီး ဆရာမကြီးတွေနဲ့အတူ ဆေးစစ်ကြပါတယ်။ ဆုတွေအနေနဲ့ ပထမဆု နှစ်သိန်း၊ ဒုတိယဆု တစ်သိန်း၊ တတိယဆု ငါးသောင်း၊ စတုတ္ထနှင့် ပဉ္စမဆုတွေကို နှစ်သောင်းခွဲစီနဲ့ ယှဉ်ပြိုင်သူ ၅၁ ယောက်လုံးကို တစ်သောင်းခွဲစီ ချီးမြှင့်သွားပါမယ်" ဟု ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခ ဒေါက်တာ နုနုရီက ပြောသည်။

ယနေ့ပြိုင်ပွဲ၌ ကာယဗလမောင်(အကြီးတန်း) ပြိုင်ပွဲတွင် ၁၂ ဦး၊ ကာယအလှမယ်(အကြီးတန်း) ပြိုင်ပွဲ တွင် ၁၂ ဦး၊ ကာယအလှမယ်(အငယ်တန်း)ပြိုင်ပွဲတွင် ၁၈ ဦး၊ ကာယဗလမောင်(အငယ်တန်း)ပြိုင်ပွဲတွင် ကိုးဦးတို့မှ သတ်မှတ်ကိုယ်ဟန်တို့ဖြင့် အသီးသီးယှဉ်ပြိုင်ခဲ့ကြရာ အကဲဖြတ်ဒိုင်အဖွဲ့များက စိစစ်ရွေးချယ်၍ ပဏ္ဏာမအဆင့် ရွေးချယ်ခံရသူများအဖြစ် ကာယဗလမောင်အကြီးတန်းမှ ၁၁ ဦး၊ အငယ်တန်း ကိုးဦး၊ ကာယအလှမယ် အကြီးတန်းတွင် ၁၀ ဦးနှင့် အငယ်တန်း ၁၀ ဦး ရွေးချယ်မှုစာရင်းအား ကြေညာသည်။ အဆိုပါ ပဏ္ဏာမရွေးချယ်




ခံရသူများသည် ဇန်နဝါရီ ၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❖ *ကျောဖုံးမှ*

ထိုဆောင်ရွက်ချက်များ၊ မဟုတ်မမှန်လုပ်ကြံဖန်တီးထားခြင်းများကို နိုင်ငံတကာသတင်းမီဒီယာများ၊ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများထံ ပေးပို့ဖြန့်ချိခဲ့ပြီး အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထိုသို့ ဖြန့်ချိခြင်းများကြောင့် သတင်းမီဒီယာအချို့က ချဲ့ကားရေးသားခြင်းများ ပြုလုပ်ခဲ့ကြပြီး နိုင်ငံတကာမှ နားလည်မှုလွဲမှားခြင်းများ ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့သော မဟုတ်မမှန် လုပ်ကြံဖန်တီးထားသည့် သတင်းအချို့မှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည် -

**(မဟုတ်မမှန်ဝါဒဖြန့်ခြင်း) ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင်များက အကြမ်းဖက်နေသည်ဟု ဖော်ပြထားသည့်ပုံ**

**(ဖြစ်စဉ်အမှန်) ၂၀၁၀ ဧပြီလက တိဘက်ငလျင်လှုပ်ခတ်မှုပြီးနောက် ငလျင်ဒဏ်သင့်သေဆုံးသူများကို မီးသင်္ဂြိုဟ်ရန် ဘုန်းကြီးများက ပြင်ဆင်နေပုံ**



The Body of Muslims slaughted By Buddhist(Barma)

**(မဟုတ်မမှန်ဝါဒဖြန့်ခြင်း) ဘင်္ဂလားပင်လယ်အော် ကမ်းခြေတွင် ဗုဒ္ဓဘာသာမြန်မာများက သတ်ဖြတ်နေပုံဟု ဖော်ပြထားသည့်ပုံ**

**(ဖြစ်စဉ်အမှန်) ၂၀၀၄ ခုနှစ်က ထိုင်းနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သော ဆန္ဒပြသူများပုံ**




**(မဟုတ်မမှန်ဝါဒဖြန့်ခြင်း) ရခိုင်ပြည်နယ်တွင် နှိပ်စက်ညှင်းပန်းနေသည်ဟု ဖော်ပြထားသည့် ဗီဒီယိုဖိုင်**

**(ဖြစ်စဉ်အမှန်) Last Blood အမည်ရှိ ဟောလိဝုဒ်၏ ရမ်ဘိုရုပ်ရှင် ဇာတ်လမ်းတွဲမှ ဇာတ်ဝင်ခန်းတစ်ခန်းဖြစ်သည်**




A frame from a Rambo film with texts in Bangla - "video of torture on Rohingyas: share it with everyone" and "Hefajat-e Islam".

**(မဟုတ်မမှန်ဝါဒဖြန့်ခြင်း) မြန်မာနိုင်ငံတွင် သတ်ဖြတ်နေမှုရပ်ဟု စာထိုးကာ ဖော်ပြထားသည့်ပုံ**

**(ဖြစ်စဉ်အမှန်) ၂၀၁၅ ခုနှစ် မေလက ဂွါတီမာလာနိုင်ငံတွင် အသက် (၁၆) နှစ်အရွယ် မိန်းကလေးအား လူအုပ်ကြီးက ရိုက်နှက်၍ မီးရှို့သတ်ခဲ့သည့်ပုံ**




An image of a girl burned to death by a mob in Guatemala in May 2015. But accompanying text reads "Stop Killing Burma Muslims".

(သတင်းစဉ်)

## မင်းပြားမြို့၌ လက်လုပ်မိုင်း တစ်လုံးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

မင်းပြားမြို့ မေလွှမ်းရွာ၏ မြောက်ဘက် သုံးမိုင်ခန့်တွင် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းက လက်လုပ်မိုင်းတစ်လုံး တွေ့ရှိရကြောင်း သိရသည်။

မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက်နေ ဦးထွန်းအေးကျော်သည် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီက မြေအောက်ကေဘယ်ကြိုးများသွယ်တန်းရန် ဆက်သွယ်ရေးဝန်ထမ်းများနှင့် လမ်းကြောင်းရှင်းလင်းစဉ် ရန်ကုန်-စစ်တွေကားလမ်း မေလွှမ်းရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် လက်လုပ်မိုင်း တစ်လုံးအား တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်လုပ်မိုင်းအား အရှည် လေးပေခန့်၊ အချင်း နှစ်လက်မခန့်ရှိ သံပိုက်တွင် ၉ ဗို့ဓာတ်ခဲအား ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်ထားပြီး သုံးပေခန့်ရှိ ငါးမူးလုံး သံချောင်းလေးချောင်းဖြင့် မြေကြီးတွင် ငုတ်ရိုက်တပ်ဆင်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလက်လုပ်မိုင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)







# ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ အဓိကဆောင်ရွက်ပေးမည်ဟု ပြည်နယ်ဝန်ကြီးပြောကြား

**ရမ်းဗြဲ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ကံဒိုင်းတိုက်နယ် မီးကျောင်းတက်ကျေးရွာ မီးကျောင်းတက် အထက စာမေးပွဲခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များကို အဓိကဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အထက(မီးကျောင်းတက်)ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်စန်းက ကျောင်း၏လိုအပ်ချက်များကို တင်ပြခဲ့ပြီး မီးကျောင်းတက် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးမျိုးနိုင်က ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်ချက်များကို တင်ပြခဲ့ကြောင်း၊ ကံဒိုင်းကျေးရွာနေပြည်သူများကိုယ်စား စည်ရင်းကျေးရွာမှ ဦးမောင်အေးရွှေက ဒေသ၏ လိုအပ်ချက်များကို တင်ပြကြောင်း၊ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်း၊ ဌာနဆိုင်ရာများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# မောင်တောမြို့နယ်၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပချိန်နှင့် မကျင်းပမီကာလအတွင်း လုံခြုံရေး အထူးတိုးမြှင့်ဆောင်ရွက်မည်

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

**မောင်တော ဇန်နဝါရီ ၂**

မောင်တောမြို့နယ်၌ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပချိန်နှင့် မကျင်းပမီ ကာလအတွင်း လုံခြုံရေးအထူးတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ကျင်းပသည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပရေး အစည်းအဝေးအပြီးတွင် ခရိုင်ရဲတပ်ဖွဲ့မှူး က ပြောသည်။

"အခမ်းနားတွေ ကျင်းပတဲ့အချိန်မှာ လုံခြုံရေးအတွက် လူအင်အား ၅၀၀ လောက်အထိ ခန့်မှန်းပြီးတော့ လုံခြုံရေး အစီအမံတွေ ချထားပါတယ်၊ နောက်ပြီး တော့ အားကစားပြိုင်ပွဲတွေ ကျင်းပဖို့ အတွက် အားကစားကွင်းတွေ၊ အခမ်း အနားကျင်းပမယ့် နေရာတွေကိုလည်း နေ့/ည လုံခြုံရေးအတွက် အထူးအစီ အမံတွေချမှတ်ပြီးတော့ ဆောင်ရွက်နေပါ တယ်။ အထူးသဖြင့်ကတော့ ဒီဒေသမှာ လုံခြုံရေးကိစ္စပါပဲ။ ညပွဲဆိုတော့ လုံခြုံရေး ကိစ္စအတွက် ပိုပြီးတော့ ဂရုစိုက်ရမှာ တွေရှိပါတယ်။ နေ့ဘက်ဆိုရင်လည်း လျှော့တွက်လို့ တော့မရပါဘူး၊ သာမန် အချိန်တွေထက်ပိုပြီးတော့ လုံခြုံရေး အင်အားများများနဲ့ စနစ်တကျ အစီအမံ တွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ခရိုင်ရဲတပ်ဖွဲ့မှူးက ပြောသည်။

လက်ရှိ မောင်တောမြို့ပေါ် အခြေ အနေမှာ တည်ငြိမ်လျက်ရှိပြီး နံနက် ၆ နာရီခွဲခန့်မှစ၍ လမ်းများ၊ ဈေးများနှင့် စားသောက်ဆိုင်များတွင် လူစည်ကားလျက် ရှိပြီး ကားများလည်း ပုံမှန်ဝင်ထွက် သွား လာလျက်ရှိသည်ကို မြင်တွေ့ရသည်။



မောင်တောမြို့မဈေးအနီး ကားဂိတ်တွင် ခရီးသည်များ ဝင်ထွက်သွားလာနေမှုကို တွေ့ရစဉ်



# ပုဏ္ဏားကျွန်းမြို့နယ်၌ ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂**

ပုဏ္ဏားကျွန်းမြို့နယ် ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ် ၁၆၀ အနီး၌ ဇန်နဝါရီ ၁ ရက် ညနေပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာနှင့် သဲတက်ကျေးရွာအကြား ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ် ၁၆၀ အနီး၌ ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီက ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး ရာ ကားလမ်း၏အရှေ့ဘက် ၁၂ ပေခန့်အကွာတွင် ပေါက်ကွဲပြီး စနက်တံအိမ်ခေါင်း တစ်ခု၊ ဓာတ်ခဲနှစ်လုံးဆံ့ ဓာတ်ခဲအိမ် နှစ်ခု၊ ဝိုင်ယာကြိုးများဖြင့် သွယ်တန်းထားသည့် ပလတ်စတစ်အိတ် တစ်ထုပ်၊ ယမ်းထည့်ထားသည်ဟု ယူဆရသည့် ပေါက်ကွဲပြီး ပလတ်စတစ်အစအနများကို တွေ့ရှိရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား မောင်တောတွင် ကျင်းပမည်

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - ကိုမင်း**

**မောင်တော ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်း အဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပ သည်။

"လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်နိုင်ငံတစ်ဝန်း စည်စည်ကားကား ကျင်းပလေ့ရှိသလို ကျွန်တော်တို့ မောင်တောမြို့နယ်မှာလည်း အစဉ် အလာမပျက် ကျင်းပနိုင်ဖို့အတွက် ဌာနဆိုင်ရာတွေ၊ ရပ်/ကျေးအုပ်ချုပ် ရေးမှူးတွေနဲ့ အစည်းအဝေးလုပ်တာ ဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က ပြောသည်။

လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပချိန်တွင် လုံခြုံရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့များ၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မိတ်ဖက်တပ်ရင်းများ၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် နယ်မြေခံတပ်ရင်းများက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြော သည်။

အထိမ်းအမှတ် အားကစားပြိုင်ပွဲ များကို ဇန်နဝါရီ ၃ ရက်မှ စတင် ကျင်းပမည်ဖြစ်ပြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် ပြေးခုန် ပစ်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ များကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ တင်းနစ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀ ချီးမြှင့်မည်ဖြစ်ကာ ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများအတွက် ပထမဆု ငွေကျပ် ၅၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀ နှင့် တတိယဆု ငွေကျပ် ၂၀၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ် အား/က မှူးက ပြောသည်။



# ဂွမြို့နယ်၌ တရားမဝင် ခိုင်းနွားများသိမ်းဆည်းရမိ

**ဂွ ဇန်နဝါရီ ၂**

သံတွဲခရိုင် ဂွမြို့နယ် ရဟိုင်ကူးတို့ကျေးရွာ၌ တရားမဝင်ခိုးထုတ်ရန် ပြင်ဆင်နေသည့် ခိုင်းနွား ၅၃ ကောင်အား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် ညနေ ၆ နာရီခွဲက ဂွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း နှင့် စခန်းမှူး ဒုရဲမှူး အေးထွန်းဦးစီးသော တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးများပါဝင်သောအဖွဲ့သည် ရဟိုင်ကူးတို့ချောင်း၊ ကျောက်ကြီးချောင်းများ အတွင်းမှ နွားများကို စက်လှေပေါ်သို့ တရားမဝင် တင်ဆောင်သယ်ယူမည်ဖြစ်ကြောင်း၊ တင်ဆောင်မည့်စက်လှေမှာ ပင်လယ်ထဲတွင် ရပ်နားထားကြောင်း သတင်းရရှိသဖြင့် ဖမ်းဆီးရန်လျှို့ဝှက်စောင့်ဆိုင်းနေခဲ့ရာ အဆိုပါစက်လှေမှာ ဒီရေတက်ချိန်ထိ ချောင်း များအတွင်းသို့ ဝင်ရောက်လာခြင်းမရှိဘဲ ရပ်တန့်ထားသော ပင်လယ်ပြင်မှ အနောက် ဘက်သို့ ထွက်ခွာသွားခဲ့၍ နွားများအား စုစည်းထားနိုင်မည့် ရဟိုင်ကူးတို့ကျေးရွာ အုပ်စုအတွင်းသို့ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်း၊ စုံစမ်းရေးမှူး ဦးကိုကိုနိုင်၊ ရဟိုင်ကူးတို့ကျေးရွာသား ၂၀ခန့်တို့သည် ဆက်လက်စုံစမ်းခဲ့ရာ ဂွမြို့ရဲစခန်း ၏ မြောက်ဘက် ငါးမိုင်ခန့်အကွာ ရဟိုင်ကူးတို့ကျေးရွာအုပ်စု ကျောက်ကြီးကျေးရွာ အရှေ့တောင်ဘက် နှစ်ဖာလုံခန့်အကွာ ဒေသအခေါ် နောကုန်းကွင်းတောစပ်အတွင်း နွားအထီး ၅၃ ကောင်အား တရားမဝင်ခိုးထုတ်ရန် ချည်နှောင်ထားကြောင်း ပိုင်ရှင်မဲ့ တွေ့ရှိရသဖြင့် အဆိုပါဖမ်းဆီးရမိနွားများအား ရဟိုင်ကူးတို့ကျေးရွာ အုပ်ချုပ်ရေးမှူး ထံ ယာယီအပ်နှံထားပြီး နွားမှောင်ခိုပြုလုပ်နေသူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# တောင်ကိုရီးယားသမ္မတလူယုံဖြစ်သူ ချိုင်၏သမီးအား တရားမဝင်နေထိုင်မှုဖြင့် ဒိန်းမတ်ရဲများဖမ်းဆီး

**ဆိုးလ် ဇန်နဝါရီ ၂**

တောင်ကိုရီးယားနိုင်ငံသမ္မတ ပတ်ဂွန်ဟေး၏ ကာလရှည်ကြာ ခင်မင်ခဲ့ရသည့် သူငယ်ချင်းဟောင်းဖြစ်သူ ချိုင်စွန်စီ၏သမီးအား ဒိန်းမတ်နိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း လွတ်လပ်သော အကြံပေးအဖွဲ့က ယမန်နေ့က ပြောခဲ့သည်။

ချွန်ယူးရာသည် တောင်ကိုရီးယား သမ္မတလူယုံတော် ချိုင်၏သမီးဖြစ်ကြောင်း၊ သမ္မတပတ်ဂွန်ဟေး၏ စီးပွားရေးလုပ်ငန်းရှင်ကြီးများထံမှရယူထား သော ရန်ပုံငွေကို ချိုင်ကထုတ်ယူသုံးစွဲ ခဲ့ပြီး အစိုးရရာထူးတာဝန်မရှိဘဲ တိုင်းပြည် အရေးကိစ္စများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

ချွန်ယူးရာသည် အသက် ၂၀ နှစ်ရှိပြီး ဒိန်းမတ်နိုင်ငံ၌ တရားဝင်နေထိုင်ခွင့် မရှိဘဲ ဝင်ရောက်နေထိုင်မှုဖြင့် ဒိန်းမတ်ရဲများက ယမန်နေ့က ဖမ်းဆီးခဲ့ကြောင်း ပြည်တွင်း သတင်းမီဒီယာများတွင် ဖော်ပြ ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏လွတ်လပ်သော အကြံပေးအဖွဲ့က ချွန်အား ပြန်လည်လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သော်လည်း နိုင်ငံတကာရဲတပ်ဖွဲ့က ယင်းကိစ္စနှင့် ပတ်သက်ပြီး မှတ်ချက်ပြုပြောဆိုခြင်းမရှိသေးကြောင်း သိရသည်။

ချွန်သည် ၂၀၁၄ အာရှမြင်းအလုစီး ချန်ပီယံဖြစ်ပြီး ဒိန်းမတ်နိုင်ငံရှိ ဂုဏ်သိက္ခာကြီးမားသော တက္ကသိုလ် တစ်ခုသို့ တရားမဝင်ပုံစံဖြင့် ဝင်ရောက် ရန် အခွင့်အရေးများရယူခဲ့ကြောင်း စွပ်စွဲခံထားရကြောင်း သိရသည်။

သို့သော်လည်း ယင်းစွပ်စွဲမှုများကို သားအမိနှစ်ယောက်လုံးက ငြင်းဆိုထားကြောင်း သိရသည်။

ချွန်အဖမ်းခံရချိန်တွင် တစ်နှစ် ကျော်အရွယ် ၎င်း၏ ရင်သွေးနှင့်အတူ အသက် ၂၀ ကျော် အမျိုးသားတစ်ဦးနှင့် အသက် ၃၀ ကျော် အမျိုးသားတစ်ဦးတို့သည်လည်း ၎င်းနှင့်အတူရှိနေကြောင်း ဆိုသည်။

**(ဆင်ဟွာ)**



# လာဘ်စားမှုဖြင့် ဖမ်းဆီးခံထားရသော အဆင့်မြင့်အီဂျစ်တရားသူကြီး ကြိုးဆွဲချသေဆုံး

**ကိုင်ရို ဇန်နဝါရီ ၂**

အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီးခံထားရသော အဆင့်မြင့် အီဂျစ်တရားသူကြီးတစ်ဦးကို ၎င်းအားဖမ်းဆီးအကျဉ်း ချထားရာနေရာ၌ ဇန်နဝါရီ ၂ ရက်က ကြိုးဆွဲချသေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ၎င်း၏ရှေ့နေက ပြောကြားခဲ့ သည်။

နိုင်ငံ၏တရားရေးစနစ်တွင် အဓိကတာဝန်ယူခဲ့ သော ဒုတိယတရားသူကြီးချုပ် ဝေးလ်ရှယ်လဘီ ဖမ်းဆီး ခံရပြီးနောက်တစ်နေ့တွင် လာဘ်စားမှုဖြင့်တရားစွဲဆိုခံခဲ့ရသည်။

ထိုကဲ့သို့ဖြစ်ပွားပြီးနောက် ၎င်းသည် လွန်ခဲ့သောနှစ်ရက်လောက်က တာဝန်မှ နုတ်ထွက်အနားယူခဲ့ ကြောင်း သိရသည်။ "ကျွန်တော့်အမှုသည်ကို ၎င်း ဝတ်ဆင်ထားသည့် လည်စည်းပဝါဖြင့် ကြိုးဆွဲချလျက် သေဆုံးနေသည်ကိုတွေ့ခဲ့ရကြောင်း၊ ၎င်းအားစစ်မေးသည့်အချိန်တွင် ပြင်းထန်သောစိတ်ပိုင်းဆိုင်ရာနှင့် ရင်ဆိုင်ခဲ့ရကြောင်း" ၎င်း၏ရှေ့နေ စေယက်ဒ်ဘီဟာရီ က ရိုက်တာသတင်းတစ်ရပ်သို့ ပြောကြားခဲ့သည်။

နိုင်ငံပိုင်သတင်းဌာနတစ်ခုဖြစ်သော မီနာကလည်း ရှယ်လဘီမှာ မိမိကိုယ်မိမိသတ်သေခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အစိုးရရှေ့နေက ၎င်းအားခွဲစိတ်စစ်ဆေးမှုပြုလုပ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီး ဌာနက ယင်းကိစ္စနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာမှတ်ချက် ပြု ပြောဆိုခြင်းမရှိသေးကြောင်း သိရသည်။

**(ရိုက်တာ)**

# မိုင်ယာမီတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ခုနစ်ဦးဒဏ်ရာရ

**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန်တောင်ပိုင်း မိုင်ယာမီမြို့၌ ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ကာ ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် သေနတ်ပစ်ခတ်ခံရသူများတွင် သုံးဦးမှာ အသက်မပြည့်သေးသူများဖြစ်ကြောင်း၊ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မိုင်ယာမီမြို့ရပ်ကွက်တစ်ခု၌ ကားတစ်စီးပေါ်မှ သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ လူခုနစ်ဦးဒဏ်ရာရရှိခဲ့သည့်အနက် အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူများကို ဖမ်းမမိသေးကြောင်း၊ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့နှင့်ပူးပေါင်းကာ ပြစ်မှုကျူးလွန်သူများကို ဝိုင်းဝန်းဖမ်းဆီးနိုင်ရေးအတွက် အကူအညီပေးရန် မိုင်ယာမီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထား သည်။

အမေရိကန်နိုင်ငံအတွင်းတွင် သေနတ်ပစ်ခတ်မှုများမကြာခဏဖြစ်ပွားလေ့ရှိပြီး ယခုနှစ်အတွင်း ချီကာဂိုမြို့၌ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၇၇၀ အထိ ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်ဗုံးဖောက်ခွဲမှုကြောင့် ဘဂ္ဂဒက်၌ ၂၄ ဦးသေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၂**

ဇန်နဝါရီ ၂ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်၏ လူစည်ကားရာ ပန်းခြံတစ်ခု၌ အိုင်အက်စ်အကြမ်းဖက်ကားဗုံးဖောက်ခွဲမှုကြောင့် ၂၄ ဦးသေဆုံးခဲ့ကြောင်း၊ ထို့ပြင် စစ်သွေးကြွများက ၎င်းတို့၏နောက်ဆုံးခံစစ်မြို့ဖြစ်သော မိုဆူးလ်သို့သွားရာ အဓိကလမ်းမကြီးကိုလည်း ပိတ်ဆို့ဖြတ်တောက်ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါပေါက်ကွဲမှုတွင် အလုပ်သမားအများစု သေဆုံးခဲ့ပြီး လူ ၆၇ ဦး ဒဏ်ရာရရှိခဲ့သည်။

မိုဆူးလ်မြောက်ပိုင်းရှိ အိုင်အက်စ်အကြမ်းဖက်သမားများကို မောင်းထုတ်နိုင်ရေး အမေရိကန်ထောက်ခံသည့် အီရတ်တပ်ဖွဲ့များက လတ်တလောတွင် ထိုးစစ်ဆင်နွှဲလျက်ရှိသော်လည်း ပြင်းထန်သည့် ခုခံမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ရက်က အီရတ်နိုင်ငံ တစ်ဝန်း ဗုံးသုံးလုံးပေါက်ကွဲမှုကြောင့် လူ ၂၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ယမန်နေ့က အီရတ်တောင်ပိုင်း မြို့တော် နာဂျက်ဖ် ဗုံးပေါက်ကွဲမှုတွင်လည်း ရဲခုနစ်ဦး သေဆုံးခဲ့သည်။ **(ရိုက်တာ)**



# ဘာရိန်း "ဂျေ" အကျဉ်းထောင်ဖောက်မှု ဖြစ်ပွား

**မာနာမာ ဇန်နဝါရီ ၂**

ဘာရိန်းနိုင်ငံ၏ ဂျေအကျဉ်းထောင်တစ်ခုတွင် ယမန်နေ့က ထောက်ဖောက်ပြေးမှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ တာဝန်ကျဝန်ထမ်းအားသတ်ဖြတ်သည့် ထောင်ဖောက်ပြေးမှုတွင် အကြမ်းဖက်မှုဖြင့် အကျဉ်းကျနေသူများ အကျဉ်းထောင်မှထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

ထောက်ဖောက်မှုသည် အကျဉ်းသားများအားထိန်းသိမ်းထားသည့် ပြန်လည်ပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးအဆောက်အအုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထောက်ဖောက်ထွက်ပြေးမှုကိုတားဆီးသည့် ဝန်ထမ်းတစ်ဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

အကြမ်းဖက်မှုဖြင့် ထောင်ကျနေသောအကျဉ်းသားများ အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခြင်းသည် အကျဉ်းထောင်၏လုံခြုံရေးအပါအဝင် တရားဝင်လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး သတိပေးနေသကဲ့သို့ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# တရုတ်-လန်ဒန်ပထမဆုံးကုန်တင်ရထားစတင်ပြေးဆွဲ

**ပေကျင်း ဇန်နဝါရီ ၂**

တရုတ်နိုင်ငံမှ လန်ဒန်မြို့သို့တိုက်ရိုက်ပြေးဆွဲသည့် ပထမဆုံးကုန်တင်ရထားကို ယမန်နေ့က စတင်ဖွင့်လှစ်လိုက်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ရထားကော်ပိုရေးရှင်းက ပြောခဲ့သည်။

အဆိုပါခရီးစဉ်သည် တရုတ်နိုင်ငံ ကျဲကျန်းပြည်နယ် အရှေ့ပိုင်းရှိ ရီဝူဝက်တ် ရထားဘူတာရုံမှစတင်ပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အဆုံးသတ်မည်ဖြစ်ကာ ခရီးအကွာအဝေး ၁၂၀၀၀ကီလိုမီတာကျော်ရှည်လျားမည်ဖြစ်ပြီး စုစုပေါင်း ၁၈ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ရီဝူဒေသသည် လူသုံးကုန်ပစ္စည်းများထုတ်လုပ်ခြင်းဖြင့် ကျော်ကြားကာ လူသုံးကုန်ပစ္စည်းများကို ရထားဖြင့်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံမှ ဗြိတိန်နိုင်ငံသို့ ထွက်ခွာမည့်ရထားသည် ကာဇက်စတန်၊ ရုရှား၊ ဘယ်လာရုစ်၊ ပိုလန်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်စသည့်နိုင်ငံများကို ဖြတ်သန်းကာ လန်ဒန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။

လန်ဒန်မြို့သည် တရုတ်-ဥရောပကုန်တင်ရထားပြေးဆွဲရာ ၁၅ ခုမြောက်မြို့ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ တရုတ်မှ ဗြိတိန်သို့ ကုန်တင်ရထားပြေးဆွဲမှုသည် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာဆက်ဆံရေးအား တိုးမြှင့်ပေးမည်ဖြစ်ကာ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ မြို့ ရွာဒေသများ၏ အဆောက်အအုံနှင့် ကုန်သွယ်မှုကွန်ရက်ချိတ်ဆက်မှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ရထားကော်ပိုရေးရှင်းက ပြောခဲ့သည်။ **(ဆင်ဟွာ)**



## HONDA FIT မော်တော်ယာဉ် ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးခရေပင်တိုက်၊ တစ်ဦးသေ

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၀/၅ )နှင့် (၀/၆) အကြား ရန်ကုန်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း မင်းသူခန့်မောင်းနှင်လာသော HONDA FIT မော်တော်ယာဉ်မှာ ယနေ့ နံနက် ၄ နာရီက ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ခရေပင်အား ဝင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ နှစ်ဦးအနက် ဦးဝင်းမောင်မောင် ပုသိမ်မြို့နေသူမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး အခင်းဖြစ်ပွားသည့်နေရာ၌ သေဆုံးသွားသည်။

သို့ဖြစ်၍ယာဉ်မောင်း မင်းသူခန့်အား အမှတ်(၃) အမြန်လမ်းမကြီး ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၄-က အရ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မတော်တဆမှုများတွင် ၂၀၁၆ ခုနှစ်အတွင်း ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ၅၆ မှု ဖြစ်ပွားခဲ့သည်။ အရှိန်ပြင်းထန်စွာ မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု ၂၉၃ မှု၊ ပေါ့ဆမှု ကိုးမှု၊ တိရစ္ဆာန်ကြောင့်ငါးမှု၊ ဆိုင်ကယ်ပေါ့ဆမှုကြောင့် ၁၀၃ မှု၊ အနေးယာဉ်ပေါ့ဆမှု နှစ်မှု၊ မဆင်မခြင်မောင်းနှင်မှု ၆၀ ၊ ဘီးပေါက်ပြီး ယာဉ်မတော်တဆမှု ၁၇၆ မှု၊ စက်ချွတ်ယွင်းမှု ၂၀ မှု၊ လမ်းချော်မှု ၁၉ မှု စုစုပေါင်း ယာဉ်မတော်တဆမှု ၇၄၄ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် အမြန်လမ်း ရဲတပ်ဖွဲ့အနေဖြင့် ရန်ကုန်- မန္တလေးအမြန်လမ်းတစ်လျှောက် ရဲစခန်း ၁၆ ခု၊ ရဲကင်း ၄၆ ခုတို့ဖြင့် နယ်မြေအလိုက် နေ့၊ ညမပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမြန်လမ်းမကြီးနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာများ၊ စာသင်ကျောင်းများနှင့် အမြန်လမ်းအသုံးပြုသွားလာလျက်ရှိသော ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ၁၂၄၁ ကြိမ် ပညာပေးဟောပြောပွဲများ ဆောင်ရွက်နိုင်ခဲ့ပြီး လက်ကမ်းစာစောင် ၅၄၀၀၀ ဖြန့်ဝေပညာပေးနိုင်ခဲ့သည်။

ထို့အပြင် အမြန်လမ်း၌ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ စတင်ဖမ်းဆီးသည့် စက်တင်ဘာလမှ ဒီဇင်ဘာလကုန်ထိ မော်တော်ယာဉ် ၅၉၀၇ စီး ဖမ်းဆီးအရေးယူခဲ့သည်။ အမြန်လမ်းမကြီးပေါ် တက်ရောက်မောင်းနှင်ခွင့်မရှိသော ထော်လာဂျီ၊ စက်ဘီး၊ မော်တော်ဆိုင်ကယ် စသည့် အနေးယာဉ်များအား ပညာပေးခြင်း၊ ဖမ်းဆီးအရေးယူခြင်း ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ၁၉၃ စီး တရားစွဲတင်ထားနိုင်ခဲ့သည်။ ၎င်းအပြင် Express ခရီးသည်တင်ယာဉ်များအား အသက်ကယ်ခါးပတ် ပတ်ထားခြင်း ရှိ မရှိ ရှောင်တခင် စစ်ဆေးခြင်း၊ အမြန်လမ်းပေါ်သို့ ကျွဲ၊ နွား၊ တိရစ္ဆာန်များ တက်ရောက်ခြင်းမရှိစေရန် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**သန်းဦး(လေးမျက်နှာ)**

## မင်္ဂလာတောင်ညွန့်၌ လော့ချရပ်ထားခဲ့သည့် အငှားယာဉ်ကိုခိုးယူသွားသူ နှစ်ဦးအားဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ လော့ချရပ်ထားခဲ့သည့် အငှားယာဉ်ကိုခိုးယူသွားသူနှစ်ဦးအား ဒီဇင်ဘာ ၂၉ ရက် နေ့လယ်က ဖမ်းဆီးရမိခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဦးသော်သည် ဒီဇင်ဘာ ၂၇ ရက် ည ၈ နာရီက ၎င်းပိုင် BB/--- တိုယိုတာပရိုဘောက်စ်(အဖြူရောင်)အငှားယာဉ်အား လော့ချကာ နေအိမ်ရှေ့၌ ရပ်ထားခဲ့ပြီးနောက် ည ၁၀ နာရီတွင် မိသားစုဝင်များနှင့်အတူ အိပ်ရာဝင်ခဲ့သည်။ ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီတွင် အိပ်ရာမှနိုး၍ ယာဉ်ကို ကြည့်ရှုရာ ပျောက်ဆုံးနေသည်ကိုသိရှိရသဖြင့် အရေးယူပေးပါရန် မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။ အဆိုပါ တိုင်တန်းချက်အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်ကာခိုးယူသွားသူအား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်ခဲ့ သည်။

ထိုသို့ မင်္ဂလာတောင်ညွန့်မြို့ မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အမှုမှပျောက်ဆုံးယာဉ်ကိုရှာဖွေတွေ့ရှိရေးနှင့် ခိုးယူသွားသူအား ဖမ်းဆီးရမိရေးအတွက် ပျောက်ဆုံးယာဉ်နှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများကို တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့စခန်းများသို့ပေးပို့ကာ ကူညီစုံစမ်းရှာဖွေပေးနိုင်ရန် ဆက်သွယ်အကြောင်းကြားခဲ့သည်။ ယင်းသို့ဆောင်ရွက်ခဲ့မှုကြောင့် ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီခွဲတွင် ဒေါပုံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ကန်သာယာလမ်းမပေါ်၌ ပျောက်ဆုံးယာဉ်ရပ်ထားသည်ကို တွေ့ရှိခဲ့သဖြင့် ခိုးယူသွားသူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မင်္ဂလာတောင်ညွန့် မြို့နယ်နေသူများဖြစ်သည့် သက်ပိုင်နှင့် နိုင်မျိုးမြင့်တို့နှစ်ဦး ယင်းယာဉ်အနီးသို့ ရောက်ရှိလာပြီး မောင်းနှင်မည်ပြုစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူနှစ်ဦးအားစစ်ဆေးရာ အငှားယာဉ်ကိုခိုးယူခဲ့သည့်နေ့က ၎င်းတို့အလုပ်လုပ်ကိုင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဈေးရှိ ကုန်စုံဆိုင်မှ အပြန် ပျောက်ဆုံးမော်တော်ယာဉ်ပိုင်ရှင်စီးနင်းလာသည့် စက်ဘီးရှေ့ခြင်းအတွင်းမှ ကားသော့ကိုခိုးယူခဲ့ပြီးနောက် ရပ်ရှင်သွားကြည့်ခဲ့ကာ အပြန် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁ နာရီတွင် ပျောက်ဆုံးမော်တော်ယာဉ်အား အသင့်ပါလာသည့် သော့ဖြင့်ဖွင့်၍ မောင်းနှင်ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ ၎င်းတို့နှစ်ဦးအား အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူစိုး**



## လူနာတင်ယာဉ်နှင့် အိမ်စီးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိ



**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် သပြေကုန်းအဝိုင်းအနီး ယနေ့ညနေပိုင်းက လူနာတင်ယာဉ်နှင့် အိမ်စီးယာဉ်တို့ တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပျဉ်းမနား တောင်ညိုလမ်းမကြီးပေါ် သပြေကုန်းအဝိုင်းမှ နေ၍ မြို့မဈေးဘက်သို့ မောင်းနှင်လာသည့် ယာဉ်ပေါ်တွင် အမျိုးသမီးနှစ်ဦး၊ ကလေးငယ်နှစ်ဦး တင်ဆောင်လာသည့် Toyota Wish အိမ်စီးယာဉ်နှင့် မြို့မဈေးဘက်မှ သပြေကုန်းအဝိုင်းဘက်သို့ မောင်းနှင်လာသည့် လူနာတင်ယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုသို့တိုက်မိမှုကြောင့် ယာဉ်နှစ်စီးစလုံး၏ ဦးခေါင်းပိုင်းများ ကြေမွပျက်စီးခဲ့ပြီး Toyota Wish ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေပြည်တော် ခုတင် ၁၀၀၀ အထွေထွေရောဂါကုဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် လူနာတင်ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရဲအုပ်တစ်ဦး အသတ်ခံရမှု ပြစ်မှုကျူးလွန်သူများအား ၂၄ နာရီအတွင်းဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အား သတ်ဖြတ်မှု ကျူးလွန်သူများကို ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မိုးဝေလမ်းနှင့် သပြေ(၁၃) လမ်းဆုံအနီး ပုဆိုးဖြင့် လက်နောက်ပြန်တုပ်ခံထားရသော လူတစ်ဦးလဲကျနေကြောင်း ယမန်နေ့နံနက် ၄ နာရီခွဲခန့်က ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ကွန်ကရစ်လမ်းမပေါ်၌ Corolla ယာဉ်တစ်စီး သော့တန်းလန်းနှင့် တွေ့ရပြီး အနီးတွင် လူတစ်ဦး ပုဆိုးဖြင့် လက်ပြန်တုပ်လျက် ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ သေဆုံးသူမှာ ဇမ္ဗူသီရိမြို့နယ်ရုံးမှ ရဲအုပ်ဇော်ဇော် (၄၈ နှစ်) ပျဉ်းမနား မြို့မရဲစခန်းဝင်းနေသူဖြစ်ပြီး အလောင်းအား နေပြည်တော် ခုတင် ၁၀၀၀ သို့ ပို့ဆောင်ပေးခဲ့ပြီး ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုမှ လူသတ်မှု သံသယရှိသူများ၏ နေအိမ်များသို့ သွားရောက်ပိတ်ဆို့ရှာဖွေရာ ၎င်းတို့နေအိမ်များတွင် မတွေ့ရှိရဘဲ တိမ်းရှောင်သွားမှုကြောင့် ရဲတပ်ဖွဲ့ဝင်များက အဓိကပစ်မှတ်အဖြစ် အတည်ပြုပြီး လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုး(ခ)ကိုဖြိုး၊ ဝင်းကိုကို၊ ကိုမျိုး(ခ) မျိုးချစ်အောင်တို့အား ပြစ်မှုကျူးလွန်ပြီး ၂၄ နာရီအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ **ညီညီသန်း**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## ရန်ကုန်အရှေ့ခြမ်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျေးဇူးတင်လွှာ

ရန်ကုန်အရှေ့ခြမ်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(သာကေတ)၌ ကျင်းပရာတွင် နှစ်သစ်ဆွမ်းကပ်လှူပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ပင့်သံဃာတော်များ၊ နှစ်သစ်ကျေးဇူးတော်ချီးမွမ်းပွဲတွင် ပါဝင်ဦးဆောင်ပေးခဲ့ပါသော သိက္ခာတော်ရဆရာတော်ကြီးများ၊ ဓမ္မဝန်ဆောင်များ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသောတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်ထွန်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)၊ ပထမအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ တိုင်းရင်းသားကျေးရွာ တာဝန်ခံအရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းနှင့်ဝန်ထမ်းများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကရင်အမျိုးသားအလံတင်ပေးပါသော ပဒိုစောထွန်းအောင်မြင့်(အငြိမ်းစားကရင်ရေးရာဝန်ကြီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဝင်)၊ မင်္ဂလာဖားစည်တီးပေးပါသော ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)၊ ဦးစောထရယ်ဗယ်၊ ဒေါ်ချယ်ရတီ(ဗိုလ်မှူးကြီး Lဇော်ဘွန်း၏ဇနီး)၊ ဒေါ်လှမူ(ဗိုလ်ချုပ်အေးကျော်၏ဇနီး)နှင့် ဦးမြင့်သန်း၊ ကျွဲချို(ပဒိုး)အဖွဲ့၊ ဆရာမန်းချစ်တင်ဦးဆောင်သောရာလဖလုံဒုံးအဖွဲ့၊ ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှု၊ အကအဖွဲ့များနှင့်ဒုံးအဖွဲ့များ၊ တေးသံရှင်ကေဂျာနူး၊ အက်စ်ကဲနက်နှင့်တေးသံရှင်များ၊ တီးဝိုင်းအဖွဲ့သားများ၊ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသော ကျေးလက်ဦးစီး(ရုံးချုပ်)၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ အသီးသီးမှတာဝန်ရှိသူများ၊ နံနက်ပိုင်း အလံတင်အခမ်းအနားအား တိုက်ရိုက် Live ထုတ်လွှင့်ပေးပါသော Sky Net တိုင်းရင်းသားရုပ်သံလိုင်း၊ ရွှေသံလွင် မီဒီယာကုမ္ပဏီ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီသတင်းစဉ်၊ MNTV,MITV,MRTV,MRTV-4,Daily Eleven, Democracy Today၊ ပေါ်ပြူလာသတင်းဂျာနယ်နှင့် သတင်းဌာနအသီးသီးမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ နာယကကြီးများ၊ ကျင်းပရေး ဆပ်ကော်မတီအသီးသီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲမှူးကျော်မြင့်(ငြိမ်း) ဦးစီးသောလုံခြုံရေးအဖွဲ့ဝင်များ၊ တိုင်းရင်းသားကျေးရွာဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အစည်းအဝေးများတွင် နေရာအခမဲ့အသုံးပြုခွင့်ပေးခဲ့ပါသော ဆရာမနော်စန္ဒြာလူနီနှင့် ရန်ကုန် YMCA ရုံးအဖွဲ့၊ National YMCA၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဆရာစောထွန်းလူနှင့်မရည်ရည်မွန်၊ သဝဏ်လွှာဖတ်ကြားပေးပါသော နော်စတယ်လာ (ဒုဥက္ကဋ္ဌ-၃)၊ ပြက္ခဒိန်ထုတ်ဝေနိုင်ရေးအတွက် စိုက်ထုတ်လှူဒါန်းပေးပါသော ဆရာစောဒေါက်ကလပ်(ဒုဥက္ကဋ္ဌ-၂)၊ ပြက္ခဒိန်သရုပ်ဆောင် နော်ဇေပရယ်ထွန်း၊ ကရင်တိုင်းရင်းသားမိဘပြည်သူများနှင့် ကြွရောက်ချီးမြှင့်ခဲ့ကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားများ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ **ရန်ကုန်အရှေ့ခြမ်းကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၁)ဟုမ္မလင်း၊ နဝမတန်း (B)မှ ကျောင်းဝင်အမှတ်(၁၁၉၃၇) မမိုးနှင်းကြည်၏ဖခင် ဦးဝင်းကို ၅/ဟမလ(နိုင်)၀၃၅၅၃၉နှင့် ဦးဝင်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းကို(ခ)ဦးဝင်းအောင်**

### အမည်မှန်

ဖားကန့်မြို့နယ်၊ မော်စီစာ အထက(ခွဲ) တတိယတန်း(B)မှ မောင်ထက်ကြယ်ဇင်ဖြိုး၏ အမည်မှန်မှာ မောင်နိုင်လင်းထွန်း ဖြစ်ပါသည်။

**မောင်နိုင်လင်းထွန်း**

### အမည်ပြောင်း

ဦးလင်းထိန်ကြည်-ဒေါ်ရွှေရွှေတို့၏ သမီး ရန်ကုန်တိုင်းဒေသကြီး၊ဒလမြို့နယ်၊ သမတကမ်းခြေရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၂၃နေ မခင်ခင်စိုး ၁၂/ဒလန(နိုင်) ၀၆၁၂၇၅အား ယနေ့မှစ၍ မဆုမြတ်နိုး ဟု ပြောင်းလဲခေါ်ပါရန်။

## မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၁၇(အင်္ဂါနေ့)

**နံနက်ပိုင်း**

၆ း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ “ဥပဒေရေးရာအဖြာဖြာ” အမှားကအမှန် အမှန်ကအမှား ပြောင်းပြန်တရား” (ဝေဖြိုး၊ ဟိန်းထွဋ်ဝင်း၊ နေသစ်ခန့်၊ ဦးစံပေါ်၊ ကိုချမ်း၊ သူရ) (ဒါရိုက်တာ- ဝေဠု(ဝသန်))
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂ း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ ကြမ္မာနှင့်ကျိန်စာ” (အပိုင်း- ၁)
၁၃း၀၀ “အရင်ကထက်ပိုချစ်မယ်” (စံလင်းကျော်၊ ထက်အိန္ဒြာလင်း) (ဒါရိုက်တာ- အုပ်စိုးသာ၊ စောသီရိနိုင်)

**ညပိုင်း**

၁၅ း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “လက်တွဲဖော်” (အပိုင်း- ၁)
၁၆ း၄၅ “ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ တည်ထောင်ရန် ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်း”
၁၇ း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈ း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ- ဇင်ဝိုင်း)
၁၈ း၄၅ “ပြည်ထောင်စုထဲက ပအိုဝ်း”
၁၉ း ၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ကြမ္မာနှင့်ကျိန်စာ” (အပိုင်း-၂)
၂၀ း ၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## (၁၇) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ

## (၁၈-၁၉.၁.၂၀၁၇) နေပြည်တော်

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုလက်ရည်စစ် မြားပစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုစတုတ္ထအကြိမ် လက်ရည်စစ် မြားပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ Recurve အမျိုးသမီးတစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ သီတာနွယ်၊ ဒုတိယဆုရ ခင်လေးလွင်နှင့် တတိယဆုရ စန်းယုထွေး၊ Recurve အမျိုးသားတစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ ကောင်းခန့်မော်၊ ဒုတိယဆုရ ထိုက်လင်းဦးနှင့် တတိယဆုရ ငြိမ်းစည်သူ၊ Compound အမျိုးသမီးတစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ လှလှစံ၊ ဒုတိယဆုရ အောင်ငိုမ်းနှင့်တတိယဆုရ ယောစိမ်းယ၊ Compound အမျိုးသားတစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ ရဲမင်းဆွေ၊ ဒုတိယဆုရ ရှိန်းထက်ကျော်နှင့် တတိယဆုရ နောင်ကြား၊ Recurve အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ အမျိုးသား(ခ) အသင်း၊ ဒုတိယဆုရ အမျိုးသား(က) အသင်းနှင့် တတိယဆုရ အမျိုးသမီး(က)အသင်း၊ Compound အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမဆုရ အမျိုးသား(က)အသင်း၊ ဒုတိယဆုရ အမျိုးသမီးအသင်းနှင့် Recurve Mix Team ရှုံး/ထွက် ပြိုင်ပွဲတွင် ပထမဆုရ ကောင်းခန့်မော်နှင့် ခင်လေးလွင်၊ ဒုတိယဆုရ ထိုက်လင်းဦးနှင့် စန်းယုထွေး၊ တတိယဆုရ အောင်တင်ဖြိုးနှင့် ဇာခြည်ဝင်း Compound Mix Team ရှုံး/ ထွက်ပြိုင်ပွဲတွင် ပထမဆုရ ရဲမင်းဆွေနှင့် အောင်ငိုမ်း၊ ဒုတိယဆုရ မြတ်ဇော်ထွန်းနှင့် ယောစိမ်းယ၊ တတိယဆုရ ရှိန်းထက်ကျော်နှင့် လှလှစံ၊ Ranking Round စံချိန်ချိုးဆုကို စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သော (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရရှိသောစံချိန် ၆၉၇(၉ ဒသမ ၆) စံချိန်ထက် မြန်မာနိုင်ငံမှ ရဲမင်းဆွေက ၇၀၁ (၉ ဒသမ ၇) စံချိန်ကျော်ရရှိပြီး စံချိန်သစ်ဆုရရှိသွားရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ဦးစိုးအောင်တို့က ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ဆီးဂိမ်းအကြို ဘိလိယက်အားကစားပြိုင်ပွဲကြီး ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ ဘိလိယက်အားကစားဖွံ့ဖြိုးတိုးတက်စေရန်နှင့် မလေးရှားနိုင်ငံတွင်ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ကြိုတင်လေ့ကျင့်ပြင်ဆင်မှုအနေဖြင့် ဘိလိယက်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၌ ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ သိရသည်။

“ဒီပြိုင်ပွဲက ၂၀၁၇ ခုနှစ် ဆီးဂိမ်းအပါအဝင် နိုင်ငံတကာပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်ဖို့အတွက် ဘိလိယက်အားကစားသမားရွေးချယ်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ လောလောဆယ်ကတော့ ဒီမှာ ဘိလိယက်ပြိုင်ပွဲတစ်မျိုးတည်း လုပ်ဦးမှာပါ။ နောက်စနူကာပြိုင်ပွဲတွေကိုတော့ နေပြည်တော်မှာ ထပ်လုပ်ဖို့ရှိပါတယ်။ ဆီးဂိမ်းပြိုင်ပွဲတွေမှာ မြန်မာနိုင်ငံအနေနဲ့က ဘိလိယက်ဟာ အားသာသောကစားနည်းဖြစ်ပါတယ်။ ကျန်တဲ့ စနူကာ၊ကယ်လင်၊ ပူးအားကစားနည်းတွေက ရွှေမရဖူးသေးဘူး။ ဘိလိယက်ဟာ အလားအလာကောင်းတာကြောင့် အခုအဖွဲ့ချုပ်သစ်လက်ထက်မှာ ပထမဆုံးပြိုင်ပွဲအဖြစ် ကျင်းပတာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ပြောသည်။

ယခုအခါ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအားကစားသမားများကို ဆီးဂိမ်းအကြိုပြင်ဆင်မှုအနေဖြင့် နေပြည်တော် လေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလျက်ရှိပြီး ယခုပြိုင်ပွဲမှ လက်စွမ်းပြအားကစားသမားများကို ထပ်မံအင်အားဖြည့် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ လာမည့် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ဘိလိယက်ပြိုင်ပွဲကို အဓိကထား ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အခြားစနူကာနှင့် ပူးပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ကို လေးခုအထိ ရယူထားပြီး ယင်းလေးခုစလုံးမှာ ဘိလိယက်ပြိုင်ပွဲများမှပင် ရယူထားခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၀ ရက်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည့် အဆိုပါဘိလိယက်ပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ ဘိလိယက်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်စာရင်းပေးသွင်းရန်နှင့် အသေးစိတ်အချက်အလက်များ ဆက်သွယ်စုံစမ်းမေးမြန်းလိုလျှင် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်ဦး ဖုန်း-၀၉- ၄၂၃၆၈၁၆၅၁၊ ၀၉-၄၅၀၀၄၀၀၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မင်းခေတ်**

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။






# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း (၄)
## ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) နိုင်ငံတော်၏သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ စီမံကိန်းကို မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုစီမံကိန်းကို စောင့်ကြည့်ကွပ်ကဲနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ သက်ကြီးရွယ်အို ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သည့် ၁၅ ဦးထက်မပိုသော သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ သင့်လျော်သည့် ကိုးဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းပေးရမည်။

(ခ) လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ ဒေသဆိုင်ရာကော်မတီများသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် -

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာစီမံကိန်းနှင့် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိဒေသ၏ ဓလေ့ထုံးတမ်း၊ လူမှုအဖွဲ့အစည်းကျင့်စဉ်များနှင့် လိုက်လျောညီထွေရှိစေမည့် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေး အစီအစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

(ခ) ဤဥပဒေပါရည်ရွယ်ချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီများ၏ ရုံးလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနရုံးများက ဆောင်ရွက်ပေးရမည်။

၁၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဒေသဆိုင်ရာကော်မတီများ၏ အဖွဲ့ဝင်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၄။ ဒေသဆိုင်ရာကော်မတီများ၏ ကုန်ကျစရိတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးငွေစာရင်းမှ ကျခံရမည်။

## အခန်း(၅)
## သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ

၁၅။ သက်ကြီးရွယ်အိုတိုင်းသည် ဤဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့်ရှိစေရမည်။

၁၆။ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများတွင် အောက်ပါတို့ပါဝင်သည်-

(က) အခြေခံစားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုခံယူရေးတို့တွင် သင့်လျော်သော အထောက်အပံ့ရရှိခွင့်၊

(ခ) ဘာသာရေးအရ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊

(ဂ) တစ်သီးပုဂ္ဂလ လွတ်လပ်ခွင့်၊ မိမိဘဝအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရန် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ခွင့်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လူမှုအဖွဲ့အစည်းလှုပ်ရှားဆောင်ရွက်မှုများအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊

(င) သက်ကြီးရွယ်အိုဘဝ၌ သင့်တင့်သော ဝင်ငွေပုံမှန်ရရှိရေးနှင့် နေထိုင်မှုအဆင့်အတန်းရှိရေးတို့အတွက် အထောက်အပံ့ရယူခွင့်၊

(စ) စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားများက ၎င်းတို့၏ သားသမီးနှင့်မြေးများထံမှ စရိတ်ထောက်ပံ့မှုရပိုင်ခွင့်၊

(ဆ) နိုင်ငံတော်နှင့် စေတနာရှင်များက ကူညီထောက်ပံ့သော သက်ကြီးရွယ်အိုထောက်ပံ့ငွေကိုရခွင့်၊

(ဇ) နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အဆင်ပြေလွယ်ကူစွာသွားလာနိုင်ခွင့်နှင့် သင့်လျော်သော ယာဉ်စီးခ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်၊

(ဈ) ၎င်းတို့၏ရပ်ရွာအတွင်း၌ ဂုဏ်သိက္ခာရှိစွာဖြင့် မိသားစု စောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှုဆိုင်ရာ အထောက်အကူများရပိုင်ခွင့်၊

(ည) ခွဲခြားဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လျစ်လျူရှုခြင်း၊ စွန့်ပစ်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မတရားပြုကျင့်ခြင်းစသည့် အချက်များမှ အကာအကွယ်ပေးမှုရရှိခွင့်၊

(ဋ) နာရေးကိစ္စဖြစ်ပေါ်သည့်အခါ ၎င်းတို့ကိုးကွယ်ရာဘာသာ ဓလေ့ထုံးစံအရ သင်္ဂြိုဟ်ခွင့်နှင့် သင်္ဂြိုဟ်စရိတ်ကျခံရန် အခက်အခဲရှိသူ သက်ကြီးရွယ်အိုများအတွက် စရိတ်ကင်းလွတ်ခွင့်၊

(ဌ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ခွင့်ပြုသော သက်ကြီးရွယ်အိုဆိုင်ရာ အခြားအခွင့်အရေးများရရှိခွင့်။

## အခန်း(၆)
## မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့်သားသမီးမြေးတို့၏ တာဝန်များ

၁၇။ အရွယ်ရောက်သော မိသားစုဝင်သားသမီးနှင့် မြေးများသည် မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့်ပစ္စည်းများရှိလျှင် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိလျှင် -

(က) မိဘဘိုးဘွားများအား ၎င်းတို့၏ လိုအပ်သောစားဝတ်နေရေးနှင့် မိသားစုစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက် သားသမီးနှင့်မြေးများ၏ ဝတ္တရားနှင့်အညီ စရိတ်ထောက်ပံ့ရန်နှင့် ပုံမှန်ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ခ) မိဘဘိုးဘွားများအား စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့်ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား သတ်မှတ်ချက်များနှင့်အညီ လစဉ်သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည်။

၁၈။ သားသမီးနှင့်မြေးတို့က စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားကဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးမိတ်ဆွေကဖြစ်စေ၊ ၎င်းတို့၏ကိုယ်စား ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်ကဖြစ်စေ မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သောငွေကြေးနှင့် ပစ္စည်းများရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိသည့် အရွယ်ရောက်သောသားသမီး သို့မဟုတ် မြေးများက လစဉ်သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် ယင်းတို့အပေါ်သက်ဆိုင်ရာ တရားရုံးတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ လျှောက်ထားမှုတွင် လျှောက်ထားခံရသူသားသမီး သို့မဟုတ် မြေးသည် မိဘဘိုးဘွားကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိသော လျှောက်ထားခံရသူ မိမိအပြင် အခြားသားသမီးများ၊ မြေးများရှိပါက ယင်းတို့ကို ပူးတွဲလျှောက်ထားခံရသူအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ တောင်းဆိုခွင့်ရှိသည်။

၂၀။ သက်ဆိုင်ရာ တရားရုံးသည် -

(က) ပုဒ်မ ၁၈ အရ စရိတ်ထောက်ပံ့ရန် လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး လျှောက်ထားခံရသူက လုံလောက်သောအကြောင်းမရှိဘဲ စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားများအား လစဉ် သို့မဟုတ် တစ်လုံးတည်းစရိတ် ထောက်ပံ့ရန် ပျက်ကွက်ကြောင်း သက်သေခံအထောက်အထား အထင်အရှားတွေ့ရှိပါက လျှောက်ထားခံရသူကို မိဘဘိုးဘွားတစ်ဦးလျှင်လစဉ် ကျပ်၅၀၀၀၀ ထက်မပိုသော စရိတ် သို့မဟုတ် တစ်လုံးတည်းစရိတ်ကို ပေးစေရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ချမှတ်သည့် စရိတ်ကို ပေးဆောင်ရန်ပျက်ကွက်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင်ပျက်ကွက်သကဲ့သို့ မှတ်ယူ၍ ငွေဒဏ်အရကောက်ခံခြင်းတို့ စီရင်ပိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်ပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရလျှောက်ထားခံရသူက ၎င်း၏ဝင်ငွေ လျော့နည်းလာကြောင်း သို့မဟုတ် ဝင်ငွေမရှိကြောင်းခိုင်လုံသော အထောက်အထားများဖြင့်တင်ပြပြီး စရိတ်လျှော့ပေါ့ ခွင့်ပြုရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာပါက သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်၍ ချမှတ်နိုင်သည်။

၂၁။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီတို့သည် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား သားသမီးနှင့်မြေးတို့က စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများမရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်ပြီး ထောက်ပံ့နိုင်စွမ်းမရှိသည့်ကိစ္စတွင်လည်းကောင်း၊ စရိတ်ထောက်ပံ့မည့် သားသမီးနှင့်မြေးများမရှိသည့်ကိစ္စတွင်လည်းကောင်း ရန်ပုံငွေမှ ထိုက်သင့်သောအထောက်အပံ့အကူအညီပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း(၇)
## သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျတာဝန်ဝတ္တရားများ

၂၂။ အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည် ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများကို အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးရေးအတွက် ယေဘုယျအားဖြင့် အောက်ပါတာဝန်ဝတ္တရားများ ရှိကြသည် -

(က) သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတက်ကြွရေးအတွက် ဝိုင်းဝန်းအားပေးပြီး ကြည့်ရှုစောင့်ရှောက်မှုပေးရမည်။

(ခ) စရိတ်ထောက်ပံ့မှုလိုအပ်သော သက်ကြီးရွယ်အိုများအား မိမိတို့တတ်စွမ်းနိုင်သမျှ စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်းတို့ ပြုရမည်။

(ဂ) သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လူမှုရေးလှုပ်ရှားမှုအသွင်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ကာကွယ်ရေးနှင့် ၎င်းတို့၏လိုအပ်ချက်များအား ဖြည့်ဆည်းပေးရေးအတွက် လူမှုရေးအသိစိတ်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(င) လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်သည့် ဖြစ်စဉ်မှတစ်ဆင့် သက်ကြီးရွယ်အိုများ၏ အမြင်များကို သိရှိအောင်ဆောင်ရွက်ပြီး သက်ကြီးရွယ်အိုများအား ကူညီခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် လေးစားခြင်းတည်းဟူသော လူမှုတန်ဖိုးထားမှုများကို ကျောင်းများအပါအဝင် အများပြည်သူအား အသိပညာပေးမှုမြှင့်တင်ဆောင်ရွက်ရမည်။

(စ) သက်ကြီးရွယ်အိုများအတွက် စေတနာ့ဝန်ထမ်းဝန်ဆောင်မှုများကို အားပေးကူညီရမည်။

(ဆ) အိမ်နီးချင်းအပြန်အလှန် ကူညီသော ရိုးရာအစဉ်အလာ စေတနာ့ဝန်ထမ်း စိတ်ဓာတ်အားမြှင့်တင်ရန်နှင့် အကူအညီလိုအပ်သော သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရန်အတွက် သက်ကြီးရွယ်အိုများ၏ အိမ်နီးချင်းများကို အားပေးတိုက်တွန်းရမည်။

၂၃။ သက်ကြီးရွယ်အိုများဆိုင်ရာ နိုင်ငံတော်၏အခန်းကဏ္ဍမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ကြီးရွယ်အိုအားလုံး၏ အခွင့်အရေးများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးခြင်း၊

(ခ) မိသားစုမရှိ၍ ကြည့်ရှုစောင့်ရှောက်မှုပေးရန် လိုအပ်သည့် သက်ကြီးရွယ်အိုများအား ကိုယ်စိတ်နှစ်ပါး ကောင်းကျိုးချမ်းသာ ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ဂ) သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် လျော်ကန်သင့်မြတ်သော နှစ်စဉ်ရန်ပုံငွေ ခွဲဝေချထားပေးခြင်း၊

(ဃ) ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများအား ရန်ပုံငွေမှ ထိုက်သင့်သော စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း၊

(င) လူမှုအဖွဲ့အစည်းအတွင်း သက်ကြီးရွယ်အိုများ၏ဂုဏ်သိက္ခာကို အလေးထားရေးနှင့် လုံခြုံသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေးတို့အတွက် အခြေအနေများဖန်တီးပေးခြင်းနှင့် တွန်းအားပေးခြင်း၊

(စ) ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ချိုးဖောက်သော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

*ဆက်လက်ဖော်ပြပါမည်*

မြန် မာ့ ရိုး ရာ အား က စား

# အေးမြသော နှစ်သစ်ဆောင်းအငွေ့အသက်နဲ့အတူ အထက်မန္တလေးရဲ့ မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်



တူးတူး(နဂါးမာန်)


ချန်နာဂျွန်

**နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းလေပြီ။ နှစ်သစ်ဆောင်းအငွေ့အသက်ရဲ့အေးမြမှုနဲ့အတူ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးရဲ့ကနဦး နှစ်သစ် မြန်မာ- ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးက ရိုးရာ လက်ဝှေ့လောကရဲ့နှစ်သစ်ကူး အထူးအစီအစဉ်သစ်တစ်ရပ်ဖြစ်လေမလား မြန်မာ့ရိုးရာ လက်ဝှေ့ချစ်ပြည်သူများ စောင့်ကြည့်ရတော့မည်ဖြစ်သည်။ယခုကျင်းပမည့် မြန်မာ- ထိုင်း ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် တစ်မူထူးခြားမှုရှိနေသည်မှာ ယနေ့ကမ္ဘာသို့ထိုးဖောက်နေသော မွေထိုင်း ထိုင်းဖိုက်မှ နာမည်ကြီး လက်ဝှေ့သမားများ လာရောက် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။**

မြန်မာ- ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ အောင်သမာဓိ စိန်၊ ရွှေရတနာဆိုင်မှ အဓိကကူညီပံ့ပိုးကာ ပွဲဖြစ်မြောက်ရေးဦးဆောင်စီစဉ်သူမှာ ဆရာဒသဃဖြစ်ပြီး ဇန်နဝါရီ ၆ ရက် ည ၆ နာရီတွင် မန္တလေးမြို့ ဒိုင်းမွန်းပလာဇာ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးတွင် လေးချီ၊ သုံးချီတွဲဆိုင်းများ ပါဝင်ထည့်သွင်းထားခြင်းမရှိဘဲ ငါးချီအထူးစိန်ခေါ်ပွဲများကိုသာ ထည့်သွင်းထားကာ အဓိကအထူးပွဲစဉ်အဖြစ် မြန်မာနိုင်ငံပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)နှင့် ထိုင်းဖိုက်တွင် သတ်မှတ်အဆင့် တစ်ခု၌ ရပ်တည်နေသော ချန်နာဂျွန်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ပထမတန်းလက်ဝှေ့ကျော်ထူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ထိုင်းဖိုက် အဆင့် ၆ တွင် ရပ်တည်နေသော ချန်နာဂျွန်သည် အသက် ၂၆နှစ်၊ ကိုယ်အလေးချိန် ၇၃ ကီလို၊ အရပ် ၅ပေ ၁၀ လက်မ ၊ ပွဲပေါင်း ၁၅၂ပွဲမှာ နိုင်ပွဲ ၁၂၂ ပွဲ ၊ ရှုံးပွဲ ၁၀ ပွဲနှင့် သရေ ၂၃ ပွဲရလဒ်ပိုင်ဆိုင်ထားသူဖြစ်သည်။ ချန်နာဂျွန်သည် Radjaidamner Champion၊ Isuzu Champion၊ World IMTU Champion တို့ကို ပိုင်ဆိုင်ထားသူဖြစ်ပြီး ဖိုက်တာရော၊ ကောင်တာပါ ကစားတတ်သူဖြစ်သည်။ ယှဉ်ပြိုင်ကစားရာတွင် ဖိုက်တာကစားတတ်ပြီး နိမ့်လျှင် ကောင်တာဘက်သို့ ပြန်ပြောင်းကစားတတ်သူတစ်ဦးအဖြစ်သည်။ အဓိက လက်သီးပါဝါရှိပြီး ပင့်ထောက်၊ ဝိုက်လက်သီးများနှင့် တံတောင်ရိုက်ချက်ကောင်းသူတစ်ဦးအဖြစ်လည်း နာမည်ကြီးသူဖြစ်သည်။

၄င်းနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာနိုင်ငံပထမတန်းလက်ဝှေ့ကျော် တူးတူးမှာ အသက် ၂၄နှစ်၊ အရပ်၅ပေ ၈ လက်မ၊ ကီလိုဝိတ်တန်း ၇၅ ကီလို၊ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၄၃ ပွဲတွင် နိုင်ပွဲ ၃၂ ပွဲ၊ သရေ ၁၁ပွဲနဲ့ ရှုံးပွဲမရှိစံချိန်ပိုင်ဆိုင်ထားသူဖြစ်သည်။တူးတူးဟာ ဖိုက်တာထက် ကောင်တာတိုက်စစ်ကိုအားသန်သူဖြစ်ပြီး ပြိုင်ပွဲတိုင်းကို သွေးအေးအေးဖြင့် တည်တည်ငြိမ်ငြိမ် ထိုးသတ်သူတစ်ဦးဖြစ်သလို ခြေကန်ချက်၊ ဒူးနှင့် ပင့်၊ ဝိုက် လက်သီးကောင်းသူတစ်ဦးဖြစ်သောကြောင့် ပြိုင်ဘက်တိုင်း သတိထားယှဉ်ပြိုင်ရသည့် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်သည်။ တူးတူးဟာ လက်ဝှေ့သမားလောကတွင် ယနေ့ချိန်အထိ ယှဉ်ပြိုင်ထိုး သတ်ခဲ့သော ပွဲတိုင်းတွင် ရှုံးပွဲမရှိစံချိန်တင် ထားသူဖြစ်သလို ပြိုင်ဘက်တိုင်းကိုလည်း လွယ်လွယ်နဲ့ အလျှော့မပေးဘဲ ဇွဲနပဲနှင့် ယှဉ်ပြိုင်ထိုးသတ်သော လက်ဝှေ့သမားကောင်း တစ်ဦးဖြစ်တာမို့ ထိုင်းဖိုက်တွင် နာမည်ကြီးနေသော ချန်နာဂျွန်ကပဲ အနိုင်ယူနိုင်မလား၊ တူးတူးကပဲအလဲထိုးဖြင့် အနိုင်ယူသွားလေမလားဆိုတာကတော့ ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ စင်မြင့်ထက်က အဖြေကို စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်သည်။

"ဒီပွဲအတွက် ကျွန်တော်အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပါတယ်။ ချန်နာဂျွန်ဟာ ထိုင်းဖိုက်ရဲ့ ဖိုက်တာတစ်ဦးဖြစ်သလို ကျွန်တော့်အတွက်လည်း ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်ပါတယ်။ သူ့ဘက်က စိန်ခေါ်မှုတွေရှိသလို ကျွန်တော်ကလည်း ဒီပွဲမှာ ရိုးရာလက်ဝှေ့ချစ်ပရိသတ်ကြီးအတွက် စိတ်ကျေနပ်မှုပေးနိုင်မယ့် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ ကြိုတင်လေ့ကျင့်မှုအပိုင်းမှာတော့ ခုကတည်းက ကြံ့ခိုင်မှုအပြည့်ရှိအောင် ဘက်ပေါင်းစုံကနေ လေ့ကျင့်နေပါတယ်"ဟု မြန်မာနိုင်ငံ ပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)က ပြောသည်။

ယင်းပွဲတွင်တူးတူး (နဂါးမာန်)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ချန်နာဂျွန်သည် တူးတူးကို ပထမအချီနှင့် ဒုတိယအချီတို့တွင် အခန့်မသင့်ရှုံးနိမ့်ခဲ့ပါက ထိုးကြေးမယူဟုလည်း စိန်ခေါ်မှုများရှိကြောင်း သိရသည်။

ဒုတိယပွဲကောင်းတစ်ပွဲဖြစ်သော သွေးသစ်ဝင်းလှိုင်နဲ့ ယှဉ်ပြိုင်ထိုးသတ်မည့်ထိုင်းဖိုက်မှဖရာလော်ချိုင်ကတော့ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက မြန်မာပြည်ပထမတန်းလက်ဝှေ့ကျော် သံမဏိလူသား စိုးလင်းဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ဖူးသူဖြစ်သည်။ ထိုစဉ်က စိုးလင်းဦးကို ပထမအချီနှင့် ဒုတိယအချီတို့တွင် အသာစီးယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း တတိယအချီအရောက်တွင် အရေးနိမ့်ကာ အလဲထိုးဖြင့် အမှတ်မထင် ရှုံးနိမ့်ခဲ့သူဖြစ်သည်။ ဖရာလော်ချိုင်ဟာ ဖိုက်တာထက် ကောင်တာကို အားသန်သူဖြစ်ပြီး ထိုင်းဖိုက်တွင် ခြေကန်ချက်ကောင်းသူ တစ်ဦးအဖြစ် နာမည်ရနေသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ သူနဲ့ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာနိုင်ငံက တက်သစ်စ သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိငြိမ်းချမ်းရေး) ကလည်း လက်သီးပါဝါကောင်းသူ တစ်ဦးဖြစ်သလို ခြေကန်ချက်ပိုင်းတွင်လည်း သူမတူအောင် ကောင်းမွန်သူတစ်ဦးဖြစ်သည်။ သူတို့နှစ်ဦး ရင်ဆိုင်ယှဉ်ပြိုင်မှုကို အထက်မြန်မာပြည်ရဲ့ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ သည်းထိတ်ရင်ဖိုစောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်သည်။

ဇန်နဝါရီ ၆ ရက်တွင် မန္တလေးမြို့ ဒိုင်းမွန်းပလာဇာ၌ ကျင်းပမည့် အဆိုပါ မြန်မာ- ထိုင်းရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲသည် မြန်မာနိုင်ငံရိုးရာလက်ဝှေ့လောကတွင် ထိုင်းဖိုက်မှ အားကစားသမားများကို ပထမဆုံး ခေါ်ယူ ယှဉ်ပြိုင်စေသောပွဲဖြစ်ကြောင်း၊ ဒီပွဲမှာ မြန်မာ့ရိုးရာလက်ဝှေ့စည်းမျဉ်းစည်းကမ်းအတိုင်း ထိုင်းဖိုက်လက်ဝှေ့သ မားများကို မြန်မာ့ရိုးရာလက်ဝှေ့ရေးပြနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်းပွဲစီစဉ်သူ ဆရာဒသဃကပြော မြန်မာနိုင်ငံကို ပထမဆုံးခေါ်ထိုးတဲ့ပွဲလို့ ပြောလို့ရပါတယ်။ အရှုံး၊ အနိုင်ပေါ် မူမတည်ဘဲနဲ့ အဓိကကတော့ ကိုယ့်ဆီက ကစားသမားတွေ အတွေ့အကြုံရစေချင်တာရယ်၊ ထိုင်းဖိုက်အတန်း ဝင်အောင်လုပ်တဲ့သဘောပါ။ ဒီပွဲမှာ အခြားပွဲတွေနဲ့မတူတာကတော့ ထိုင်းဖိုက်စတဲ့ ကစားသမားတွေကို ရိုးရာလက်ဝှေ့ရေးပြနိုင်အောင်စီစဉ်ပေးမယ်။ သူတို့ဆီသွားပြိုင်တဲ့ ကျွန်တော်တို့ဆီက ရိုးရာလက်ဝှေ့သမားတွေကို သူတို့ ထိုင်း ဖိုက်မှာ လက်ဝှေ့ရေးမပြခိုင်းဘူး။ ဒါ့ကြောင့် သူတို့ကိုလည်း ဒီရိုးရာလက်ဝှေ့ပွဲမှာ မြန်မာ့ရိုးရာလက်ဝှေ့ပြနိုင်အောင် လုပ်ဆောင်မှာပါ။ ပြောရရင် မြန်မာ့ရိုးရာလက်ဝှေ့ကို ထိုင်းဖိုက်လိုတန်းဝင်အောင် လုပ်ဆောင်သွားမယ်။ သူတို့ထိုင်း ဖိုက်မှာလို ကျွန်တော်တို့ဆီက သမ္မတကြီးနဲ့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံတွေကိုလည်း စင်ဝင်ဘေးမှာ ချိတ်ဆွဲထားမှာပါ။ ကစားသမားတိုင်း သမ္မတကြီးနဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဂါရဝပြုပြီးမှ စင်ပေါ်တက်ရမယ်။ ဒါကတော့ ဒီပွဲမှာ တစ်မူ ထူးထူးခြားခြားလေးဖြစ်အောင် ထည့်ထားတာပါ"ဟု မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့ပွဲ စီစဉ်သူ ဆရာဒသဃက ပြောသည်။

အဆိုပါ မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မြန်မာငွေကျပ် သိန်းပေါင်း ၄၀၀ ဝန်းကျင်အကုန်အကျခံကာ ကျင်းပသွားမည်ဖြစ်ပြီး ရိုးရာလက်ဝှေ့ချစ်ပြည်သူများ



ဖရာလော်ချိုင်


သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိငြိမ်းချမ်းရေး)

သည်။

ပြိုင်ပွဲတွင် ပြည်ပငါးချီအထူးစိန်ခေါ်ပွဲများအဖြစ် မြန်မာနိုင်ငံပထမတန်းလက်ဝှေ့ကျော် တူးတူး (နဂါးမာန်)နှင့် ထိုင်းဖိုက်မှ မွေထိုင်းလက်ဝှေ့ကျော် ချန်နာဂျွန်၊ သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ထိုင်းဖိုက်မှ ဖရာလော်ချိုင်၊ တက်သစ်စလက်ဝှေ့ကျော် ထွန်းလွင်မိုး(နဂါးမာန်)နှင့် ဟောန်လန်လက်စ်၊ ဗထူးမောင် နှင့် ဖိုင် စီးကန့်၊ ဗျူဠနှင့် ထိုင်းဖိုက်မှ ဖာဟင်မ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ပြည်တွင်းငါးချီအထူးစိန်ခေါ်ပွဲများတွင် စိုးမောင်ဦး(ရတနာပုံ)နှင့် စောသဲဦး (STL)၊ အံပွား(ယူနိုက်တက်) နှင့် မိုက်မိုက် (STL)၊ မင်းထက်သာ(တောင်ဇလပ်)နှင့်ပြုံးပြုံးလေး(ဟံသာဝတီသား) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အခုကျင်းပတဲ့ပွဲကတော့ ထိုင်းဖိုက်က လက်ဝှေ့ကျော်တွေ လူလတ်တန်းစားမရွေးအားပေးနိုင်ရန် အထူးတန်းငွေကျပ် ၃၀၀၀၀၊ အလယ်တန်း ငွေကျပ် ၂၀၀၀၀ နှင့် ၁၀၀၀၀ တို့ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုယှဉ်ပြိုင် ထိုးသတ်မည့် မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသည် မြန်မာ့ရိုးရာလက်ဝှေ့လောကအနေဖြင့် ထိုင်းဖိုက်မှ လက်ဝှေ့သမားအများစုဖြင့် ပွဲတည် ကျင်းပသည်ဖြစ်၍ ရိုးရာလက်ဝှေ့ ကျားများအနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ဂုဏ်ကို ဆောင်နိုင်လေမလား၊ ထိုင်းဖိုက်ကျားများရဲ့ အတွေ့အကြုံကိုပဲ ခံယူရလေမလားဆိုတာကိုတော့ နှစ်သစ်ဆောင်းအငွေ့အသက် အေးမြမှုနဲ့အတူ အထက်မန္တလေးရဲ့ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို စောင့်မျှော်ရှုစားရတော့မည် ဖြစ်ပါကြောင်း။ ။

# မုံရွေး ဂွမ်းကပ်စောင်နှင့်မွေ့ရာများ ယမန်နှစ်ကထက် အရောင်းအဝယ်အေး

**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွေးကျေးရွာတွင် ရာသီအလိုက် လုပ်ကိုင်လျက်ရှိသည့် ဂွမ်းစောင်နှင့် မွေ့ရာလုပ်ငန်းများ လတ်တလောကာလတွင် နယ်ဝေးဝယ်လက်များမှ အမှာစာရရှိမှု နည်းပါးသဖြင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း မုံရွာမြို့နယ် မုံရွေးကျေးရွာမှ ဂွမ်းကပ်စောင်နှင့် မွေ့ရာများရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ကျွန်မတို့ရွာမှာ ဂွမ်းကပ်စောင်၊ ဂွမ်းမွေ့ရာ၊ ခေါင်းအုံး၊ ဖက်လုံးတွေ အဓိက ပြုလုပ်ရောင်းချလျက်ရှိပါတယ်။ လုပ်ငန်းမှာသုံးတဲ့ အဓိက ကုန်ကြမ်းတွေကတော့ လဲမှို၊ လက်ပံမှိုနှင့် ရန်ကုန်မြို့ အထည်ချုပ်စက်ရုံတွေက ဂွမ်းဖြတ်စတွေနဲ့ တရုတ်ကဝင်တဲ့ စီကေပိုးသားအစတွေ ဖြစ်ပါတယ်။ အထည်ချုပ်စက်ရုံတွေကနေ ဘေးနားဖြတ်စ၊ ညှပ်စတွေကိုမှာယူပြီး ဖတ်ခုံနဲ့ ဂွမ်းဖြစ်အောင်ပြန်လည်ပြုလုပ်ပြီး ကုန်ချောထွက်အောင် လုပ်သားတွေနဲ့ အဆင့်ဆင့်လုပ်ဆောင်ရပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ လုပ်သားခနဲ့ ကုန်ကြမ်းပစ္စည်းတွေကသာ တစ်နှစ်ထက်တစ်နှစ် ဈေးတက်လာပြီး ကုန်ချောအဖြစ် ပစ္စည်းတွေ ထုတ်လုပ်ပြီး ပြန်လည်ရောင်းချရာမှာ အရင်နှစ်ကလောက် ဈေးကောင်းမရတော့ဘူး။ လတ်တလောမှာ ဂွမ်းစောင် အကျယ်လေးပေခွဲ၊ အမြင့် ၆ ပေခွဲ တစ်ထည်ကို ငွေကျပ် ၃၅၀၀ ဝန်းကျင်၊ ဂွမ်းမွေ့ရာ အကျယ် ၅ ပေခွဲ၊ အမြင့် ၆ ပေခွဲ (မိသားစုအိပ်) တစ်ခုကို ငွေကျပ် ၂၀၀၀၀ ဝန်းကျင် ဈေးရရှိပါတယ်။ ဂွမ်း မွေ့ရာ (မိသားစုအိပ်)တစ်ခုဆို အရင်နှစ်က ငွေကျပ် ၂၇၅၀၀ လောက်အထိ ရခဲ့ရာမှ လက်ရှိမှာ ငွေကျပ် ၇၅၀၀ လောက်အထိ ဈေးကျဆင်းလာတာကို တွေ့ရပါတယ်။ ဒီနှစ် ရာသီဥတုအေးမြပြီး ရောင်းအားကောင်းမယ့် အချိန်မှာ ပစ္စည်းဝယ်လက်တွေများတဲ့ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ အိန္ဒိယနယ်စပ်၊ တောင်ကြီးနဲ့ မန္တလေးက အမှာတွေ တစ်လကျော်လောက်အထိ ရုတ်တရက် ရပ်တန့်သွားသလောက်နီးပါးကြုံတွေ့ခဲ့ရတော့ လက်ထဲမှာ ကုန်ချောတွေ ငွေကျပ်သိန်း ၂၀၀ ဖိုးနီးနီးလောက်အထိ မရောင်းရသေးဘဲကိုင်ထားနေရတယ်။ အရောင်းအဝယ်ပါးလို့ဆိုပြီး လုပ်ငန်းကို ရုတ်တရက် ရပ်တန့်ထားမယ်ဆိုရင်လည်း ကိုယ့်လုပ်ငန်းကို မှီခိုလုပ်ကိုင်နေကြတဲ့ လုပ်သားတွေရဲ့ စားဝတ်နေရေးအခက်အခဲ တွေ့နိုင်တယ်။ ဒီတော့ လတ်တလော နယ်ဝေးအမှာမရှိသေးပေမယ့်လည်း လုပ်သားတွေကို အလုပ်မပျက် လုပ်သားအင်အားလျှော့ပြီး လုပ်ငန်းပုံမှန်လည်ပတ်နေရပါတယ်"ဟု မုံရွေးကျေးရွာမှ လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောသည်။

"ဒီနှစ် လုပ်ငန်းရှင်က နယ်ဝေးအမှာ အရနည်းတော့ ကျွန်တော်တို့လည်း အလုပ်ရရှိမှု နည်းပါတယ်။ ဂွမ်းဖြတ်စကြိတ်၊ အထည်စချုပ်၊ ဂွမ်းသွတ်၊ ခွာထိုး၊ လိုင်းဖော် စတဲ့လုပ်ငန်းတွေ အဆင့်ဆင့်လုပ်ကိုင်ကြပြီး တစ်ဦးလျှင် တစ်ရက်ကို ဂွမ်းမွေ့ရာ/စောင် ခြောက်ခုလောက် ပြီးပါတယ်။ လုပ်အားခအနေဖြင့် တစ်ဦးကို ငွေကျပ် ၃၀၀၀ မှ ၄၀၀၀ ကြားအထိ ရရှိပါတယ်။ အရင်နှစ်ကဆိုရင် အလုပ်ပေါ်တော့ ကိုယ်အလုပ်ဆင်းရင် ဆင်းနိုင်သလောက်အထိ ရပါတယ်" ဟု လုပ်သားတစ်ဦးက ပြောခဲ့သည်။



**ဖိုးချမ်း(မုံရွာ)**

# ဇီဝိတဒါနအခမဲ့ဆေးခန်း၌ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိ

**ညောင်လေးပင် ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်ဒေသလူမှုကူညီရေးအသင်း၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာလနောက်ဆုံးပတ်က ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ ဇီဝိတဒါနအခမဲ့ဆေးခန်း၌ အဌမအကြိမ်မြောက် ဆေးခန်းဖွင့်လှစ်၍ အထွေထွေရောဂါများ စစ်ဆေးကုသပေးရာ မဒေါက်မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၆ ဦးအား ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။




အဆိုပါအခမဲ့ဆေးခန်းကို နှစ်ပတ်တစ်ကြိမ်၊ ကြာသပတေးနေ့တိုင်း မွန်းလွဲ ၁ နာရီမှာ ဖွင့်လှစ်ပြီး ဆေးကုသကုန်ကျစရိတ်အား အသင်းရန်ပုံငွေမှ ပံ့ပိုးကုသပေးလျက်ရှိပြီး ဆေးကုသကုန်ကျစရိတ်ထဲသို့ ဇန်နဝါရီလ ၁ ရက် အလှူရှင်များက လှူဒါန်းငွေများဖြင့် ဆေးကုသပေးရာ ဒေါက်တာခင်ယမင်းစု၊ မဒေါက်တိုက်နယ်ကျန်းမာရေးဌာနမှ ဒေါက်တာခင်မာလွင်၊ ဒေါက်တာအိစန္ဒီသန်းဦး၊ အမျိုးသမီးကျန်းမာရေးဆရာမဒေါ်ချိုချိုဝင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းသူများ၊ မဒေါက်ဒေသလူမှုကူညီရေးအသင်း အမှုဆောင်များနှင့် အသင်းသားများက ကူညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများဆောင်ရွက်

**နောင်ချို ဇန်နဝါရီ ၂**

နောင်ချိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် သဖန်းကိုင်းရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ၀ ဒသမ ၇၃ မိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးအသစ် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်ဦးစီးမှူး (ဦးစီးအရာရှိနည်းပညာ)နှင့် တာဝန်ရှိသူတို့က သတ်မှတ်စံနှုန်းပြည့်မီရေး၊ လုပ်ငန်းအဆင့်အလိုက် အရည်အသွေးကောင်းမွန်စွာဖြင့် စစ်ဆေးခံနိုင်ရေး၊ တာဝန်ရှိအဖွဲ့များက သတ်မှတ်အဆင့်အလိုက် မပျက်မကွက် စိစစ်ပေးနိုင်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဒီဇင်ဘာလနောက်ဆုံးပတ်က သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**မအီ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် သံတွဲခရိုင် မအီမြို့နယ် လက်ပန်ကျေးရွာအုပ်စု လက်ပန်ကျေးရွာတွင် မကြာမီလျှပ်စစ်ဓာတ်အား ရရှိတော့မည်ဖြစ်သည့်အတွက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ပြီး ဌာနဆိုင်ရာ ပူးပေါင်းကာ ဒီဇင်ဘာလနောက်ဆုံးပတ်က အထက(ခွဲ) ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးက လက်ပန်ကျေးရွာတွင် မကြာမီဓာတ်အားရရှိတော့မည်ဖြစ်သည့်အတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို အလေးထားရှင်းလင်းဟောပြောခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအုပ်ဦးခင်အောင်နှင့် မီးသတ်ဦးစီးမှူး ဦးဆန်းနိုင်တို့ကလည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

# ရန်ကုန်မြို့တွင်း အများပြည်သူပိုင်လမ်းများ၌ ယာဉ်ရပ်နားခကောက်ခံခြင်းပြန်လည်စတင်ရန်စီစဉ်နေ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြို့တွင်း အများပြည်သူပိုင်လမ်းများအားလုံးတွင် ယာဉ်မရပ်ရနေရာ၊ ယာဉ်ရပ်နားရန်နေရာဟူ၍ သတ်သတ်မှတ်မှတ်ပိုင်းခြားပြီး ယာဉ်ရပ်နားခကို စနစ်တကျကောက်ခံခြင်းဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့အပြင် ကားပါကင်များကိုလည်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေး၏ ၂၃ ရက် မြောက်နေ့တွင် လသာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားသွားသည်။

ရန်ကုန်မြို့တွင်း၌ နေရာသတ်မှတ်၍ ယာဉ်ရပ်နားခ ကားပါကင်ကြေးများကို ကောက်ခံခဲ့သော်လည်း နောက်ပိုင်းတွင် စနစ်တကျမဖြစ်တော့ဘဲ ယာဉ်ရပ်နားခကောက်ခံရန် ကန်ထရိုက်ပေးလိုက်ခြင်းကြောင့် ယာဉ်ရပ်နားမှုများမှာ စည်းကမ်းတကျဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်းမရှိဘဲ ငွေကောက်ခံရန် အဓိကဖြစ်လာသည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးက အဆိုပါစနစ်ကို ရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့လယ်သတ်မှတ်ထားသော ဇရိယာအတွင်းရှိ လမ်းမများဘေးတွင် တစ်နာရီလျှင် ယာဉ်ရပ်နားခငွေကျပ် ၂၀၀ နှုန်းဖြင့် နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း ကောက်ခံမှုရှိပြီး နာရီရှည် တစ်နေကုန်ရပ်ထားသည့် ယာဉ်များအတွက်မူ ယာဉ်ရပ်နားခငွေကောက်ခံသည့် ပုဂ္ဂိုလ်များနှင့်ညှိနှိုင်း၍ သင့်တော်သောအခကြေးငွေပေးဆောင်ကြရာ တစ်ရက်လျှင် ငွေကျပ် ၅၀၀ နှုန်းပေး ဆောင်ခဲ့ရသည်" ဟု လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းဘေးတွင် တစ်နေကုန်ရပ်လေ့ရှိသော ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယာဉ်ရပ်နားခ ငွေကောက်ခံသောလမ်းများ၊ ရပ်နားခငွေကောက်ခံမှုမရှိသော လမ်းသွယ်များတွင် ယာဉ်ရပ်နားရန် နေရာဦးခြင်းများခွင့်မပြုဟုဆိုသော်လည်း မြင်တွေ့နေရဆဲဖြစ်ရာ သက်ဆိုင်ရာမှ နေရာဦးပစ္စည်းများ မကြာခဏ လှည့်လည်သိမ်းဆည်းလေ့ရှိသည်။ သို့သော် သိမ်းဆည်းရာတွင် အဖိုးမတန်သောပစ္စည်းမျိုးဖြင့် ပြန်လည်နေရာဦးခြင်းများကို လမ်းသွယ်အများစုတွင် ယနေ့တိုင်တွေ့မြင်နေရဆဲဖြစ်သည်။

နေရာဦးခြင်းအပေါ် တည်ဆဲဥပဒေအရ အရေးယူမည်ဟု အသိပေးမှုရှိခဲ့သော်လည်း နေရာဦးပစ္စည်းမျိုးစုံကိုသာ သိမ်းဆည်းမှုရှိသည်။ နေရာဦးပစ္စည်းများမြင်တွေ့နေရဆဲ လမ်းသွယ်များတွင်ပါ ယာဉ်ရပ်နားခငွေကောက်ခံခြင်းဖြင့် ရန်ကုန်မြို့တွင်း ယာဉ်ရပ်နားရာတွင် အခက်အခဲကြုံတွေ့ရမှု လျော့ကျလာသကဲ့သို့ နိုင်ငံတော်အတွက်လည်း အခွန်ဝင်ငွေတိုးလာမည်ဖြစ်ပြီး အမှန်တကယ်ခေတ္တခဏရပ်နားလိုသော ရန်ကုန်မြို့တွင်းသို့ လာရောက်သောယာဉ်များ ရပ်နားမှုလွယ်ကူရန် နေရာဦးခြင်း၊ ပုံသေအခွန်အမှတ်အသား ပြုလုပ်ထားခြင်းကင်းပြီး နေရာလွတ်ရှိသည့် ယာဉ်ရပ်နားရန်ခွင့်ပြုထားသည့်နေရာတိုင်းတွင် ယာဉ်ရပ်နားခွင့်ရှိခြင်းမျိုးကို ယာဉ်ပိုင်ရှင်များအနေဖြင့် မျှော်လင့်မှုများရှိနေသည်ဟု သိရသည်။

**ခင်ဆိုင်**



# ပလက်ဝမြို့၌ ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကျင်းပ

**ပလက်ဝ ဇန်နဝါရီ ၂**

ပလက်ဝမြို့၌ ဒီဇင်ဘာလနောက်ဆုံးပတ်လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ကွင်းပြင်စုရပ်မှစတင်၍ ပလက်ဝ-မတူပီ ကားလမ်းအတိုင်း အထင်ကရကျွန်းတပင် နေရာအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ပလက်ဝမြို့မဘောလုံးကွင်းသို့ ပြန်လည်လမ်းလျှောက်ခဲ့ကာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းစုပေါင်း ပြုလုပ်ခဲ့ကြသည်။

ဒီဇင်ဘာနောက်ဆုံးပတ် လမ်းလျှောက်ပွဲဖြစ်သည်နှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်းစည်းရုံးမှုကြောင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နေပြည်သူများ ၇၀၀ ကျော်တို့က နှစ်သစ်ကြိုဆိုဂုဏ်ပြုလျက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နွေစပါးနှင့် အခြားသီးနှံများအတွက် သဖန်းဆိပ်ရေလှောင်တမံမှ ဖေဖော်ဝါရီ ၇ ရက်တွင် စိုက်ပျိုးရေစတင်ပေးဝေမည်

**ရွှေဘို ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းမှ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမည့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန်အတွက် သဖန်းဆိပ်ရေလှောင်တမံမှ ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ စိုက်ပျိုးရေများ စတင်ပေးဝေသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သဖန်းဆိပ်ဆည်အတွင်း နုန်းအနည်အနှစ်များ ပို့ချမှုကြောင့် ရေသိုလှောင်ထားနိုင်မှုအပြောင်းအလဲများ ရှိသော်လည်း နွေစပါးအပါအဝင် နွေသီးနှံများအတွက် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"သဖန်းဆိပ်တမံကြီးကို ၂၀၀၁ ခုက စပိတ်ပြီး အသုံးပြုလာတာ ၁၆ နှစ်ပြည့်ပြီဖြစ်တဲ့အတွက် ရေနဲ့အတူပါလာတဲ့ အနည်အနှစ်တွေ ပို့ချနေတာတွေ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ် မေလနဲ့ဇွန်လလောက်က ညွှန်ကြားရေးမှူးချုပ်ရုံး အစီအစဉ်နဲ့ Electronic Sounder စက်နဲ့ မိတ္ထီလာတိုင်းတာရေးရုံးက လာရောက်တိုင်းတာရာမှာ တွေ့ရှိချက်တွေကို အဆင့်ဆင့်တင်ပြခဲ့ပါတယ်။ ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနရုံးချုပ် ဒီဇိုင်းဌာနက ပညာရှင်တွေ တွက်ချက်မှုအရ မူလက ဧကပေ ၂၈၀၀၀၀ ရှိခဲ့တဲ့ သဖန်းဆိပ်ရေလှောင်တမံမှာ အနည်အနှစ်စုစုပေါင်း ဧကပေ ၈၆၀၀၀ အစားထိုးဝင်ရောက်နေတာကြောင့် ကန်ရေပြည့်အမှတ်ဟာ သိုလှောင်အား ဧကပေ ၂၇၉၄၀၀၀ သာ ရှိမှာဖြစ်တဲ့အကြောင်း အဆင့်ဆင့် အကြောင်းကြားစာကို ပြီးခဲ့တဲ့တစ်ပတ်အတွင်းက ရွှေဘိုဆည်မြောင်းရုံးအနေနဲ့ လက်ခံရရှိခဲ့ပါတယ်။ အဲဒါကြောင့် နှစ်အစ ရေအမှတ် ၅၄၀၈၀ ပေ၊ သိုလှောင်ရေအမှတ် ၂၄၄၃၇၅၂ ဧကပေဟာ အခုနှစ်သစ်အစနေ့ဖြစ်တဲ့ ၂၀၁၇ ဇန်နဝါရီ ၁ ရက်ကစပြီး ဧကပေ ၂၃၅၇၇၅၂ ကို ပြောင်းလဲသတ်မှတ်ထားပါတယ်။ ဘယ်လိုပဲ ပြောင်းလဲလျော့သွားပေမယ့် အခုလာမယ့် နွေစပါး နွေသီးနှံကို အရင်နှစ်ကလို နွေစပါး ၂၃၂၀၈ ဧကနဲ့ အခြားသီးနှံ ၁၂၃၅၇ ဧက စုစုပေါင်း ၃၅၅၆၃၅ ဧကကို စိုက်ပျိုးရေလုံလုံလောက်လောက် ပေးဝေနိုင်မယ်ဆိုတာကို အာမခံပါတယ်"ဟု ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ဇန်နဝါရီ ၁ ရက်တွင် ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးအဖွဲ့များ၊ စိုက်တိုးမြှင့်အဖွဲ့များက အမှန်တကယ်စိုက်ပျိုးကြမည့် တောင်သူများနှင့် ညှိနှိုင်းစည်းဝေး သဘောတူညီချက်များအရ လာမည့် ဖေဖော်ဝါရီ ၇ ရက်မှစ၍ စိုက်ပျိုးရေများ လုံလုံလောက်လောက် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးရေလုံလောက်စေရန် ယခင်နှစ်များ၏ အတွေ့အကြုံအရ ဧကပေ ၁၄သိန်းခွဲခန့် ပေးဝေသွားမည်ဖြစ်ပြီး နွေစပါးအောင်ရေပေးအပြီး ကာလတွင် မုတ်သုန်မိုးနောက်ကျခဲ့သည်ရှိသော် မိုးစပါးပျိုးထောင်ရေ လုံလောက်စေရန်အတွက် ဆည်အတွင်း ရေဧကပေ ကိုးသိန်းခန့် ကျန်ရှိစေအောင် စီစဉ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်သစ်အစ ဇန်နဝါရီ ၁ ရက် တိုင်းတာချက်အရ သဖန်းဆိပ်ရေလှောင်တမံ၏ ရေအမှတ်သည် ၅၄၀၈၀ ပေနှင့် ရေသိုလှောင်ပမာဏသည် ၂၄၄၃၇၅၂ ဧကပေရှိပြီး သဖန်းဆိပ်ဆည်ဒီဇိုင်း စတင်တွက်ချက်ပေးခဲ့သည့် Snowy Mountain Engs Group(SMEG)၏ အစီရင်ခံစာအရ ရေမပေးဝေနိုင်သည့် (Dead Storage) ပမာဏသည် ဧကပေပေါင်းတစ်သိန်းခန့်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ဇန်နဝါရီ ၁ ရက်က သဖန်းဆိပ်ဆည် ရေအခြေအနေ။

# ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်း စတင်ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂**

ဆင်းရဲနွမ်းပါးသည့် မိသားစုများမှ ကလေးငယ်များ ပညာသင်ကြားမှု၊ ပညာဆည်းပူးခွင့် အခက်အခဲမရှိစေရေး ရည်ရွယ်၍ နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာရှိ ရတနာစံပြကျောင်းတိုက်၌ အမှတ်(၅) ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်းကို ဒီဇင်ဘာ ၃၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ကျောင်းဖွင့်ပွဲတွင် အမှတ်(၅) ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယက ဩဝါဒမိန့်ကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နေပြည်တော်သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်စွာမြင့်နှင့် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီညီမင်းတို့က ကျောင်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာတော်၊ နေပြည်တော်သာသနာရေးဦးစီးဌာနမှူးနှင့် အမျိုးသမီးနှင့် ကလေးသူငယ် ဘဝမြှင့်တင်ရေးအဖွဲ့မှ ဒေါ်ခင်မြဝင်းတို့က ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ကလေးသူငယ်များ၏ စာရိတ္တကောင်းမွန်ရေး၊ ပညာတတ်မြောက်ပြီး ယဉ်ကျေးလိမ္မာသော သားကောင်းရတနာလေးများ ပေါ်ထွန်းလာရေး၊ ဆင်းရဲနွမ်းပါးပြီး အခြေခံပညာသင်ယူနိုင်မှု အားနည်းသော ကလေးငယ်များအား အသိပညာများ တတ်မြောက်စေရေး ရည်ရွယ်ကာ ကျောင်းကို ဖွင့်လှစ်သင်ကြားနေခြင်းဖြစ်ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းအဆင့်သင်ကြားမှုကို ၁၉၉၃ ခုနှစ် မေလအတွင်းက သက်ဆိုင်ရာဌာနမှ ခွင့်ပြုခဲ့ပြီး ယခုဖွင့်လှစ်သည့် မူလတန်းလွန်သင်ကြားမှုကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်ခွင့်ပြုခဲ့ကြောင်း၊ ယခုလက်ရှိတွင် အမှတ် (၅) ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၂၅ ဦးကို အခြေခံပညာများ သင်ကြားပို့ချပေးလျက်ရှိကြောင်း ဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

# လက်မှုပညာနှင့် အခြေခံဂီတာတီး သင်တန်းဆင်း



**မိုင်းကိုင် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်း အမျိုးသမီးများဘဝ မြှင့်တင်ရေးနှင့် လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းတစ်ရပ်အနေဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဇာထိုး၊ ပန်းထိုး၊ တက်တင်းထိုး၊ လက်မှုပညာသင်တန်းနှင့် အခြေခံဂီတာတီး သင်တန်းများ၏ သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မိုင်းကိုင်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက သင်တန်းဖွင့်လှစ်ပို့ချသည့် အတွေ့အကြုံများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကာ သင်တန်းပြီးမြောက် အောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူ ၄၂ ဦးအား တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ သင်တန်းများကို ဒီဇင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## သတင်းတိုများ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

တာမွေမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ ဒီဇင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ မာန်အောင်ရပ်ကွက်၊ တာမွေကြီး(ခ) ရပ်ကွက်၊ ဗိုလ်တာကွက်သစ်ရပ်ကွက်နှင့် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်အတွင်းရှိ လမ်းများကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်ဌာနမှ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ကာ အဆိုပါရပ်ကွက်များအတွင်းရှိ ဆောင်ရွက်နေသော လုပ်ငန်းများအားလုံးသည့် ၅၀ ရာခိုင်နှုန်းနှင့်အထက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **လုလု**

### လူထုအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်

ဒီဇင်ဘာ လူထုအားကစားလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲကို ကန့်ဘလူခရိုင် ကန့်ဘလူမြို့၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့ရာ ကန့်ဘလူခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ စုပေါင်းပါဝင်၍ ပိတောက်သီဂီခန်းမရှေ့ စုရပ်မှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း၊ ထိုမှတစ်ဆင့် ဗိုလ်အောင်ဇေယျလမ်းမှ ဆိပ်ဖူးမြောင်-တောက္ကရုပ်လမ်းခွဲအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျေးလက်လမ်းများပြုပြင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်သားများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များ ပူးပေါင်းကာ ကျေးရွာချင်းဆက်လမ်းများကို မြေဖို့ပြုပြင်ခြင်းများ ဒီဇင်ဘာ ၃၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အမှတ်(၁၀၀၈) နယ်ခြားစောင့်တပ်မှ တပ်မတော်သားများနှင့် မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များ ပူးပေါင်းကာ မိုင်းယုမြို့ဝမ်တာကြန့်ကျေးရွာ အုပ်စုရှိ ဝမ်ပေါ့ကျေးရွာ၊ ဝမ်နားမြက်ကျေးရွာနှင့် ဝမ်ဒွန်းနွဲ့ကျေးရွာချင်းဆက်လမ်းများတွင် လမ်းချိုင့်များ မြေဖို့ခြင်းနှင့် လမ်းပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်ကြီးဒေသ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ချေးငွေပေးအပ်

**မိုးညှင်း ဇန်နဝါရီ ၂**

အင်းတော်ကြီးဒေသအတွင်း၌ ငါးသယံဇာတများ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် အင်းတော်ကြီးဒေသ ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေပေးအပ်ပွဲကို မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်သဘာဝနယ်မြေအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဦးတို့က အမှာစကားပြောကြားပြီး ချေးငွေပေးအပ်သည့် Friends of Wildlife(FOW)အဖွဲ့အစည်းမှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဆွေက မိမိတို့အဖွဲ့အစည်းနှင့် ပူးပေါင်း၍ လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ကူညီပေးကြသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ကြသည့် အင်းတော်ကြီးဒေသမှ ရေလုပ်သားများကို ကျေးဇူးတင်စကား ပြောကြားကာ ချေးငွေများကို ပေးအပ်ခဲ့သည်။

အင်းတော်ကြီးကန်အတွင်း ငါးသယံဇာတများ တိုးပွားလာစေရေးအတွက် ရေလုပ်သားများအနေဖြင့် တစ်လက်မနှင့်အထက် ငါးဖမ်းပိုက်များကိုသာ အသုံးပြုကြရန် ရည်ရွယ်ချက်ဖြင့် FOW အဖွဲ့အစည်း၏ ရန်ပုံငွေမှ အင်းတော်ကြီးဒေသအတွင်း ကျေးရွာ ၁၅ ရွာမှ ရေလုပ်သား ၅၄၆ ဦးအတွက် အတိုးမဲ့ချေးငွေ ကျပ် ၁၆၆ သိန်းကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာ့မိတ်ဆွေကောင်း သို့မဟုတ် ပိုလန်နိုင်ငံ




**အောင်အောင်(IR)**

တလောက မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန အဆင့်မြှင့်တင်ရေးအတွက် ပိုလန်နိုင်ငံ(Poland)မှ သက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေများ ချေးယူမည့်သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ မြန်မာနိုင်ငံသား အတော်များများ ပိုလန်နိုင်ငံကို သိသလိုလိုနှင့် ကောင်းစွာမသိရှိကြပေ။ ပညာတတ်လူငယ်များပင် ပိုလန်နိုင်ငံမြို့တော်အမည်ကို မသိကြသူက များသည်။ ဒါက အဆန်းတော့ မဟုတ်ပေ။ တောင်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စု၏ အဓိကမဟာမိတ်တစ်ဦး ဖြစ်သည်။ အမေရိကန်နိုင်ငံသားအများစုသည် တောင်ကိုရီးယားနိုင်ငံ မည်သည့်ဒေသတွင် တည်ရှိသည်ကိုပင် မသိကြဟုဆိုသည်။ ဒါက နိုင်ငံတကာကိစ္စများအား လေ့လာနိုင်စွမ်းနှင့် ဆိုင်သည်။ ယခု ရွေးကောက်တင်မြောက်ခံထားရသော အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည်ပင် မြန်မာနိုင်ငံ မည်သည့်နေရာတွင် တည်ရှိသည်ဆိုခြင်းကို မသိဟု ဆိုကြသည်။ မှန်သည်၊ မှားသည် ထရန့်သာ သိပါမည်။ ယခုရေးချင်သည်မှာ ပိုလန်နိုင်ငံအကြောင်းဖြစ်သည်။

စာရေးသူ ပိုလန်နိုင်ငံသို့ ယခုနှစ် စက်တင်ဘာလတွင် တစ်ပတ်ကြာ မီဒီယာလေ့လာရေး အစီအစဉ်ဖြင့် ရောက်ခဲ့ပါသည်။ မြို့တော်ဝါဆော (Warsaw)နှင့် ရှေးဟောင်းမြို့တော် ကရက်ကော့ဖ်(Kraków)တို့သို့ ရောက်ရှိလည်ပတ်ခဲ့သည်။ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံစကားပြောခဲ့သည်။ ပိုလန်နိုင်ငံပါလီမန်သို့ ရောက်ရှိလည်ပတ်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန ပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ ပိုလန်နှင့် နိုင်ငံတကာ ဆက်ဆံရေးကိစ္စများ အထူးသဖြင့် ပိုလန်နှင့် အိမ်နီးချင်းရုရှနိုင်ငံ ဆက်ဆံရေးများကို ဆွေးနွေးဖြစ်ခဲ့သည်။

တကယ်တော့ ပိုလန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် တူညီမှုများစွာရှိသည်။ လူဦးရေနှင့် အရွယ်အစားမှာလည်း များစွာ ကွာခြားလှခြင်းမရှိလှပေ။ ပိုလန်မီဒီယာနှင့် ပိုလန်စီးပွားရေးလုပ်ငန်းများသည်လည်း မြန်မာနိုင်ငံအပေါ် စိတ်ဝင်တစားရှိနေကြသည်။ တစ်နည်းဆိုရသော် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများစွာရှိထားသော ပိုလန်နိုင်ငံသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်နေသော မြန်မာနိုင်ငံအတွက် စစ်မှန်ခိုင်ကျည်သော မိတ်ဆွေတစ်ဦးအဖြစ် ပေါ်ထွက်လာနေသည်။

**ပိုလန်အကြောင်း တစေ့တစောင်း**

ပိုလန်နိုင်ငံသည် ဥရောပအလယ်ပိုင်းတွင် တည်ရှိပြီး ၃၁၂၆၇၉ စတုရန်းကီလိုမီတာ (၁၂၀ရ၂၆ စတုရန်းမိုင်)ကျယ်ဝန်းကာ ၂၀၁၅ စာရင်းများအရ လူဦးရေ သန်း ၄၀ နီးပါး မှီတင်းနေထိုင်ကြသည်။

ရုရှ၊ ဂျာမနီ၊ ချက်သမ္မတနိုင်ငံ၊ ယူကရိန်း၊ ဘီလာရုစ်၊ လစ်သူယေးနီးယား၊ ဆလိုဗက်ကီးယား စသောနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းတွင် အကြီးမားဆုံးစျေးကွက်လည်း ဖြစ်သည်။

ပိုလန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး အခြားအရှေ့ဥရောပနိုင်ငံများနည်းတူ အိမ်နီးချင်း ဆိုဗီယက်ပြည်ထောင်စု၏ လွှမ်းမိုးမှုကိုခံခဲ့ရပြီး ကွန်မြူနစ်စနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ကွန်မြူနစ်အုပ်စိုးမှုကာလ တစ်လျှောက် ၁၉၄၅ မှ ၁၉၉၀ အထိ ပိုလန်သမိုင်းတွင် အလုပ်သမားမငြိမ်သက်မှုများဖြင့် ပြည့်နှက်နေခဲ့ပြီး ၁၉၉၂ တွင် ရွေးကောက်ပွဲများမှတစ်ဆင့် ဒီမိုကရက်တစ်အစိုးရ စတင်ပေါ်ပေါက်ခဲ့သည်။

ယခုအခါ ပိုလန်နိုင်ငံသည် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် အခိုင်အမာရပ်တည်နေပြီဖြစ်ပြီး အမေရိကန်ဦးဆောင်သော နေတိုးစစ်အုပ်စု၏ အဓိကကျသော မဟာမိတ်အဖွဲ့ဝင်တစ်ဦး ဖြစ်သည်သာမက ဥရောပသမဂ္ဂအဖွဲ့၏ အကြီးမားဆုံးနိုင်ငံများအနက်မှ တစ်ခုလည်းဖြစ်သည်။

**ပိုလန်မြေမှာ တစ်ပတ်ကြာ**

အဲဒီလို စိတ်ဝင်စားစရာတွေနဲ့ ပြည့်နှက်နေတဲ့ ပိုလန်နိုင်ငံကို ဒီနှစ် စက်တင်ဘာလအတွင်းမှာ ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ဖိတ်ကြားချက်နဲ့ တစ်ပတ်ကြာ သွားရောက်လေ့လာခွင့် ရခဲ့ပါတယ်။ လေ့လာရေးခရီးစဉ် အသေးစိတ်ကို မြန်မာ့အလင်းသတင်းစာမှာ အပိုင်း(၁)ကနေ အပိုင်း(၅)အထိ ဖော်ပြခဲ့ပြီးဖြစ်လို့ အသေးစိတ်တော့ ထပ်မံမရေးသားတော့ပါဘူး။ သို့သော် ပိုလန်နိုင်ငံခရီးစဉ်ဟာ စာရေးသူအတွက်တော့ အတော်ကို မမေ့နိုင်စရာ ဖြစ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံသားတွေ ပိုက်ဆံရှိရင် အနောက်ဥရောပနိုင်ငံတွေဖြစ်တဲ့ အင်္ဂလန်(ဗြိတိန်)တို့၊ ပြင်သစ်တို့၊ အီတလီတို့ဆီ သွားရောက်လည်ပတ်တတ်ကြပါတယ်။ ပညာသင်ရင်လည်း အမေရိကန်၊ အနောက်ဥရောပဒေသဆီပဲ သွားကြပါတယ်။ အရှေ့ဥရောပကို စိတ်ဝင်စားမှု နည်းကြပါတယ်။




ပြောရရင် ပိုလန်ဟာ အရှေ့ဥရောပဒေသ (အလယ်ပိုင်း)မှာ တည်ရှိတာမို့ အနောက်ဥရောပနဲ့ယှဉ်လိုက်ရင် အရှေ့ဥရောပဟာ ဆင်းရဲတယ်။ ဖွံ့ဖြိုးမှုနည်းတယ်။ အာဏာရှင်တွေ အုပ်ချုပ်ခဲ့တယ်။ ဒါမျိုး မြင်တတ်ကြတယ်။ ပိုလန်ဆိုရင် ဥရောပအလယ်ပိုင်း၊ အရှေ့ပိုင်းဒေသအတွင်းမှာ အတော်အသင့် ကြီးမားတဲ့နိုင်ငံလို့ ပြောလို့ရတယ်။ ဥရောပသမဂ္ဂနိုင်ငံ ၂၈ နိုင်ငံအနက် ခြောက်နိုင်ငံမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်ပါတယ်။ သို့သော် ပိုလန်ဟာ ဥရောပတိုက်ရဲ့ မဟာအင်အားကြီး ဂျာမနီနိုင်ငံနဲ့ ရုရှနိုင်ငံတို့အကြား တည်ရှိတာကြောင့် သူ့ကို မကြာခဏဆိုသလို မေ့လျော့နေတတ်ကြပါတယ်။

မြန်မာဟာလည်း ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံများကြား တည်ရှိနေတာကြောင့် မြန်မာဆို လူတော်တော်များများက မသိတတ်ကြပါဘူး။ တကယ်တော့ ကမ္ဘာ့သမိုင်းဝင် အဖြစ်အပျက် အများအပြားဟာ ပိုလန်နိုင်ငံမှာ စတင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး စတင်တာ ၁၉၃၉ မှာ ပိုလန်နိုင်ငံကို ဂျာမနီက စတင်ကျူးကျော်ရာမှ စတင်ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးကာလ နာဇီဂျာမနီတွေ ဖွင့်လှစ်ထားတဲ့ အော့စ်ဝက်ချ်(Auschwitz)လို့ ခေါ်တဲ့ ထိန်းသိမ်းရေးစခန်းတွေမှာ ဂျူးလူမျိုးသန်းနဲ့ချီပြီး ဓာတ်ငွေ့ခန်းမကြီးများအတွင်း မီးလောင်တိုက်သွင်း အသတ်အဖြတ်ခံခဲ့ရတာလည်း ပိုလန်နိုင်ငံအတွင်းမှာပဲ ဖြစ်ပါတယ်။ ပိုလန်နိုင်ငံသားအများအပြားလည်း အဲဒီအကျဉ်းစခန်းတွေအတွင်းမှာ အသက်ဆုံးရှုံးခဲ့ရပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးတော့ ၁၉၅၅ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်တဲ့ အရှေ့ဥရောပနိုင်ငံများဟာ ပိုလန်နိုင်ငံမြို့တော် ဝါဆောမှာ တွေ့ဆုံစည်းဝေးပြီး ဝါဆောစစ်စာချုပ် (Warsaw Pact) ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၈၀ ကျော် နှစ်များမှာ ဒီမိုကရေစီလှိုင်းတံပိုး အရှေ့ဥရောပဒေသကို ရိုက်ခတ်တော့ ပိုလန်နိုင်ငံက အလုပ်သမားလှုပ်ရှားမှုတွေ (Solidarity Movement)ဟာ ဒေသအတွင်း ကွန်မြူနစ်ဝါဒ ဆန့်ကျင်ဖြိုဖျက်ရေးမှာ အထူးအရေးပါခဲ့ပါတယ်။ ပိုလန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်အတွင်း အိမ်နီးချင်း ဂျာမနီရော၊ ရုရှရော နှစ်နိုင်ငံလုံးရဲ့ တိုက်ခိုက်သိမ်းပိုက်တာကို ခံခဲ့ရပြီး မြို့တော်ဝါဆောဟာဆိုရင် အုတ်ကျိုးအုတ်ပဲ့ အပုံကြီးသာသာ ဖြစ်သွားသည်အထိ အဖျက်ဆီးခံခဲ့ရပါတယ်။

သို့သော် ပိုလန်နိုင်ငံသားတွေဟာ သူတို့နိုင်ငံကိုပြန်လည်ထူထောင်နိုင်ခဲ့ကြပါတယ်။ အဆောက်အအုံအသစ်တွေ တည်ဆောက်သလို အဟောင်းကိုလည်း အဟောင်းအတိုင်း ပြန်တည်ဆောက်ကြပါတယ်။ ပိုလန်သားတွေဟာ ဥရောပမှာ တည်ဆောက်ရေးကျွမ်းကျင်သူတွေအဖြစ် ထင်ရှားပါတယ်။ စာရေးသူတို့ မြို့တော်ဝါဆောကို ရောက်တော့ အင်မတန် လှပသန့်ရှင်းတာ တွေ့ရပါတယ်။ ကျယ်ဝန်းလှတဲ့ ရင်ပြင်ကြီးတွေ၊ ပန်းခြံကြီးတွေ၊ ထူထဲခိုင်ခံ့လှတဲ့ အဆောက်အအုံကြီးတွေဟာ ဥရောပနိုင်ငံအတော်များများကို ရောက်ဖူးခဲ့တဲ့ စာရေးသူအဖို့ အရှေ့ဥရောပနဲ့ အနောက်ဥရောပ ဘာကွာသလဲလို့ အမေးပေါ်လာမိပါတယ်။

သေသေချာချာ ကျကျနနလေ့လာရင် ဥရောပနိုင်ငံများအကြား လူမှုဖူလုံရေးစနစ်တွေ၊ လစာခံစားစရိတ်တွေ၊ ကျန်းမာရေး၊ ပညာရေးစနစ်တွေ ကွာခြားမှုဖြစ်ပေမယ့် အပေါ်ယံ အခြေခံ အဆောက်အအုံတွေကတော့ မသိသာလှပါဘူး။ မြို့တော်ဝါဆောကနေ ရှေးဟောင်းမြို့တော် ခရက်ကော့ဖ်ကို ရောက်သွားတော့ ပိုလန်နိုင်ငံယဉ်ကျေးမှုနဲ့ သမိုင်းကြောင်းကို ပိုလို့တောင် အထင်ကြီးလေးစားသွားခဲ့ပါတယ်။

နှစ်ပေါင်းရာချီနေတဲ့ ရှေးဟောင်းရင်ပြင်တွေ၊ စျေးကြီးတွေ၊ ဘုရားရှိခိုးကျောင်းတွေ၊ ရဲတိုက်ကြီးတွေဟာ ဟိုးရှေးယခင်က ပိုလန်နိုင်ငံဟာ ဒေသအတွင်းမှာ ဘယ်လောက်ဩဇာကြီးမားခဲ့တယ်ဆိုတာ ညွှန်းဆိုနေပါတယ်။ ဟိုးတစ်ချိန်က (၁၅၆၉-၁၇၉၅) ပိုလန်နိုင်ငံဟာ အိမ်နီးချင်း လစ်သူရေးနီးယားနိုင်ငံနဲ့ (Polish–Lithuanian Commonwealth) မဟာမိတ်ဖွဲ့ပြီး ရုရှနိုင်ငံ မော်စကိုမြို့တော်ကိုတောင် သိမ်းယူနိုင်ခဲ့ပါတယ်။ ရှေးဟောင်းမြို့တော် ခရက်ကော့ဖ်ဟာ မြို့တော်ဝါဆောလို ဒုတိယကမ္ဘာစစ်အတွင်း အဖျက်အဆီးမခံခဲ့ရတာကြောင့် အဲဒီမှာ အလယ်ခေတ်(၁၄-၁၅ရာစု) ရှေးဟောင်းလက်ရာတွေကို ခံစားခဲ့ရပါတယ်။

ခရက်ကော့ဖ်နဲ့မလှမ်းမကမ်း ကားနဲ့ တစ်နာရီလောက်မောင်းရတဲ့နေရာမှာ ဒုတိယကမ္ဘာစစ်ကာလအတွင်းက နာဇီဂျာမနီတို့ ဖွင့်လှစ်ခဲ့တဲ့ ကမ္ဘာကျော် အော့စ်ဝက်ချ်ထိန်းသိမ်းရေးစခန်း တည်ရှိပါတယ်။ အဲဒီစခန်းတွေမှာ စစ်ကာလက ဂျူးနဲ့ ပိုလန်အကျဉ်းသားတွေကို ထိန်းသိမ်းထားတဲ့ အဆောက်အအုံတွေ၊ အချုပ်ခန်းတွေ၊ အိမ်သာ၊ ရေချိုးခန်း၊ ဓာတ်ငွေ့လွှတ် လူသတ်ခန်းမကြီးများ၊ အလောင်းသင်္ဂြိုဟ်စက်များ၊ ကျန်ရစ်သူများရဲ့အရိုးပြာများ၊ ဆံပင်များ၊ အိတ်များ၊ အသုံးအဆောင်ပစ္စည်းများကို ပြသထားပါတယ်။

စာရေးသူတို့ အော့စ်ဝက်ချ်အကျဉ်းစခန်းတွေကို ဝင်ရောက်လေ့လာတော့ အကျဉ်းသားတွေကို ထားတဲ့ အဆောင်တွေ(အဆောက်အဦးတွေ)ဟာ အပြင်ကကြည့်ရင် စာရေးသူ ဖောင်ကြီးတက္ကသိုလ်မှာတက်ရောက်စဉ်နေခဲ့ရတဲ့ အဆောင်တွေထက်တောင် ခိုင်ခံ့သပ်ရပ်လှပါတယ်။ သို့သော် အတွင်းမှာတော့ လူတွေအပြည့်အသိပ်ထားတာပေါ့။ အဲဒီကာလက အကျဉ်းစခန်းကို အကျဉ်းသားအသစ်တွေ ရောက်လာပြီဆိုရင် အကျဉ်းသားတွေနဲ့ဖွဲ့ထားတဲ့ တီးဝိုင်းအဖွဲ့က အဝင်ဝမှာ တီးခတ်ဖျော်ဖြေပါတယ်။ ဒီတော့ အကျဉ်းစခန်းထဲရောက်စမှာ အကျဉ်းသားတွေဟာ သူတို့ကံကြမ္မာကို မဆဝါးနိုင်ခဲ့ကြပါဘူး။ အပြင်ကလူတွေအမြင်မှာလည်း ဒီလောက်အထိ ရက်ရက်စက်စက်လုပ်ကြမယ်လို့ မထင်ဘူးပေါ့။ အကျဉ်းစခန်းတွေ ဖွင့်လှစ်ခဲ့တဲ့ လေးနှစ်တာကာလအတွင်း (၁၉၄၀-၁၉၄၅)လူသန်းနဲ့ချီ အသက်ဆုံးရှုံးခဲ့ရတယ်ဆိုတော့ တွက်ကြည့်ပေါ့။ အခုတော့ ဒါတွေအားလုံးက အတိတ်မှာကျန်ခဲ့ပြီ။

စာရေးသူတို့ပိုလန်ခရီးစဉ်ဟာ အရသာပေါင်းစုံခံစားရတဲ့ ထမင်းဝိုင်းတစ်ပွဲလိုပါပဲ။ အချိုလည်းပါတယ်။ အချဉ်လည်းပါတယ်။ အခါးလည်းပါတယ်။ အစပ်လည်းပါတယ်။ ဝါဆောလို လှပစည်ကားတဲ့မြို့တော်ကြီးကို တွေ့မြင်ခဲ့ရသလို ဝါဆောကနေ ကရက်ကော့ဖ်အသွား ရထားလမ်းတစ်လျှောက် ခြောက်ခြောက်ကပ်ကပ်ကျေးလက်တောရွာအချို့(အခြား အနောက်ဥရောပ ကျေးလက်များနှင့် နှိုင်းယှဉ်ပါက) ကိုလည်း ခံစားတွေ့မြင်ခဲ့ရတယ်။ ခရက်ကော့ဖ်လို ထည်ဝါခန့်ညားတဲ့ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ စိတ်ချမ်းမြေ့စရာတွေလည်း တွေ့ခဲ့ရတယ်။ အော့စ်ဝက်ချ်လို ဒုတိယကမ္ဘာစစ်ကာလ ကွယ်လွန်သူတွေအတွက် စိတ်မချမ်းမြေ့စရာတွေလည်း တွေ့ခဲ့ရတယ်။ စစ်ပြီးကာလ ပျက်စီးနေတဲ့ ဝါဆောမြို့တော်ကို ပြည်လည်တည်ဆောက်ခဲ့တဲ့ ပိုလန်နိုင်ငံသားတွေရဲ့ ခိုင်ကျည်တဲ့ဇွဲသတ္တိကို ဆဝါးသိရှိခဲ့ရသလို စစ်အတွင်း ၁၉၄၄ မှာ ဝါဆောမြို့တော် နာဇီဂျာမနီလက်အောက်မှ လွတ်မြောက်ရေးအတွက် ထကြွတော်လှန်ခဲ့ကြတဲ့ ပိုလန်နိုင်ငံသားများရဲ့ မျိုးချစ်စိတ်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

**ပိုလန်အစားအစာနဲ့ ဘာသာစကား**

ပိုလန်မှာရှိစဉ် ပိုလန်အိမ်ရှင်များရဲ့ဧည့်ခံမှုနဲ့ နေ့လယ်စာ၊ ညစာများကို ပိုလန်စားသောက်ဆိုင်များမှာ စားဖြစ်ပါတယ်။ ဥရောပစာများထုံးစံအတိုင်း အသား၊ အာလူးနဲ့ အသီးအရွက်များပဲဖြစ်ပါတယ်။ စားသောက်ဆိုင်များကလည်း နာမည်ကြီး စားသောက်ဆိုင်များဖြစ်ကြလို့ အရသာများကလည်း ထူးကဲကောင်းမွန်လှပါတယ်။ အစားအစာမှာယူရာမှာ ဆိုင်အတွင်း လူရှင်းသော်လည်း အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရတတ်ပြီး စောင့်ဆိုင်းစဉ်ကာလမှာ အဆာပြေစားဖို့ ပေါင်မုန့်၊ အသားအနှစ်များနဲ့ အဆာပြေမုန့်အချို့ကို ချထားပေးလေ့ရှိပါတယ်။ အဲဒီ အဆာပြေမုန့်တွေကတင် အရသာရှိလှပြီး အကုန်စားရင် ဗိုက်တောင်ပြည့်သွားတတ်ပါတယ်။ အစားအစာ မှာယူတာကြာလို့ခဏခဏမေးရင်း ပြဿနာဖြစ်တတ်တဲ့ အခြေအနေတွေကို ဖြေရှင်းနည်းတစ်မျိုးပါလားလို့တွေးရင်း သဘောကျခဲ့မိပါတယ်။

နိုင်ငံရပ်ခြားသွားတယ်ဆိုရင် သူတို့ဘာသာစကား အနည်းငယ်ပြောတတ်ရင် ကောင်းပါတယ်။ အချင်းချင်း ရင်းနှီးလွယ်တာပေါ့။ ဒီဆောင်းပါးအဆုံးမသတ်မီ ပိုလန်စကားလေးပါ နည်းနည်း အမှတ်တရ ဖော်ပြချင်ပါတယ်။ မြန်မာလိုတော့ မင်္ဂလာပါပေါ့။ မင်္ဂလာပါကို ပိုလန်လို "ဂျင်ဒေါ်ဘရဲ" (Dzieñdobry)လို့ ပြောပါတယ်။ ပိုလန်တွေနဲ့တွေ့ရင် "ဂျင်ဒေါ်ဘရဲ"လို့ နှုတ်ဆက်နော်။ အချင်းချင်း ရင်းနှီးသွားတာပေါ့။ ကောင်းသောည (Good night) ကိုတော့ "ဒေါ်ဘရားနော့စ်" (Dobranoc)လို့ သုံးပါတယ်။ ကျေးဇူးတင်ပါတယ်(Thank you)ကိုတော့ "ဂျင်ကွီယန်" (dzeng-KOO-yeh)လို့ သုံးပါတယ်။ စာဖတ်သူအားလုံး တစ်နေ့ ပိုလန်နိုင်ငံကို ရောက်ရှိလည်ပတ်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

**မြို့တော်ဝါဆောကနေ ရှေးဟောင်းမြို့တော် ခရက်ကော့ဖ်ကို ရောက်သွားတော့ ပိုလန်နိုင်ငံယဉ်ကျေးမှုနဲ့ သမိုင်းကြောင်းကို ပိုလို့တောင်အထင်ကြီးလေးစားသွားခဲ့ပါတယ်။ နှစ်ပေါင်းရာချီနေတဲ့ ရှေးဟောင်း ရင်ပြင်တွေ၊ စျေးကြီးတွေ၊ ဘုရားရှိခိုးကျောင်းတွေ၊ ရဲတိုက်ကြီးတွေဟာ ဟိုးရှေးယခင်က ပိုလန်နိုင်ငံဟာ ဒေသအတွင်းမှာ ဘယ်လောက်ဩဇာကြီးမားခဲ့တယ်ဆိုတာ ညွှန်းဆိုနေပါတယ်။ ဟိုးတစ်ချိန်က(၁၅၆၉-၁၇၉၅) ပိုလန်နိုင်ငံဟာ အိမ်နီးချင်းလစ်သူရေးနီးယားနိုင်ငံနဲ့ မဟာမိတ်ဖွဲ့ပြီး ရုရှနိုင်ငံ မော်စကိုမြို့တော်ကိုတောင် သိမ်းယူနိုင်ခဲ့ပါတယ်။**

# ဂန့်ဂေါမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ပန်းခြံကို မွမ်းမံပြင်ဆင်မှုများ ပြုလုပ်လျက်ရှိ



**ဂန့်ဂေါ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ကို ပြင်ဆင်မွမ်းမံခြင်းနှင့် ကျောက်တိုင်တည်ရှိရာ ပန်းခြံသာယာလှပရေးလုပ်ငန်းများကို ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လွတ်လပ်ရေးကျောက်တိုင်မှာ ဂန့်ဂေါမြို့၏ သမိုင်းဝင်ကျောက်တိုင်ဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သော ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူခဲ့သည့်နေရာ၌ စိုက်ထူခဲ့သည့်ကျောက်တိုင်ဖြစ်ကြောင်း သိရသည်။ လွတ်လပ်ရေးရရှိသည့်နေ့က နိုင်ငံတော်အလံတင် အခမ်းအနားတွင် ဂန့်ဂေါမြို့နယ်၌ နယ်ပိုင်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသာဒန်းနှင့် ရှုံရှီကျေးရွာတွင် နေထိုင်လျက်ရှိသည့် အသက် ၉၅ နှစ်အရွယ်ရှိ အငြိမ်းစား ကျောင်းဆရာကြီး ဦးရှန်းမော်(လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်) တို့က ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့ကြကြောင်း သိရသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့ အခမ်းအနားဖြစ်သည့် နိုင်ငံတော်အလံ အလေးပြုအခမ်းအနားကို အဆိုပါ လွတ်လပ်ရေးကျောက်တိုင်အနီးတွင် ကျင်းပခဲ့ရာ လူထုတက်ရောက် နေရာယူခဲ့သည့် နေရာတွင် အထိမ်းအမှတ်အဖြစ် ပန်းခြံကို ၁၉၈၉ ခုနှစ်က တည်ဆောက်ထားခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဂန့်ဂေါမြို့နယ်အတွင်း ကျင်းပသော လွတ်လပ်ရေးနေ့ အခမ်းအနားများ၌ နိုင်ငံတော်အလံတင် အခမ်းအနားများကို အဆိုပါ လွတ်လပ်ရေးကျောက်တိုင်ကွင်းအနီးရှိ အားကစားကွင်း၌ ပြောင်းရွှေ့ကျင်းပခဲ့ရာမှ ယခု ၂၀၁၇ ခုနှစ်တွင် လွတ်လပ်ရေးနေ့အခမ်းအနားကို လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ပြန်လည်ပြောင်းရွှေ့ကျင်းပသွားမည်ဟု သိရသည်။ **(၁၀၁)**



## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ကြို့ပင်ကောက် ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၌ မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၀ သို့ လျှပ်စစ်မီးဖြန့်ဝေပေးလျက်ရှိရာ လျှပ်စစ်မီးသုံးစွဲသည့် ကျေးရွာနေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် လျှပ်စစ်နှင့်ပတ်သက်သော ဗဟုသုတများ တိုးတက်ရရှိစေရန် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁ ရက်က ဒေါင်းလူးကျေးရွာသို့ နယ်လှည့်ကွင်းဆင်း ဟောပြောဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်မြင့်က "ကျွန်တော်တို့ အခုလို ဟောပြောရတဲ့ အဓိကရည်ရွယ်ချက်က ကျေးရွာနေပြည်သူတွေ လျှပ်စစ်အိမ်သုံးပစ္စည်းတွေကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေဖို့၊ လျှပ်စစ်နဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ကြွယ်ဝလာစေဖို့အတွက်ပါ"ဟု ပြောသည်။

ဟောပြောပွဲအပြီးတွင် ဝန်ထမ်းများက ကျေးရွာနေပြည်သူများကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စုပေါင်းလမ်းလျှောက်ပွဲ မန္တလာသီရိအားကစားကွင်း၌ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ (ပဉ္စမပတ်)ကို ဒီဇင်ဘာ ၃၁ ရက်နံနက် ၅ နာရီခွဲက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းအဝင်ပေါက်ရှေ့ စုရပ်နေရာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီမှ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်/ကောလိပ်၊ အခြေခံပညာကျောင်းပေါင်းစုံ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ အားကာ/သိပ္ပံ၊ ဘောလုံးအကယ်ဒမီ သင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ သူနာပြု တက္ကသိုလ်၊ လူမှုအသင်းအဖွဲ့များမှ အဖွဲ့အစည်းဝင်များ၊ မန္တလေး(၅)မြို့နယ်အတွင်းရှိ မြို့တော်နေ မိဘပြည်သူများ စုစုပေါင်းအင်အား ၂၂၀၀၀ ကျော်တို့သည် စုရပ်နေရာသို့ ရောက်ရှိနေရာယူကြသည်။ လမ်းလျှောက်ပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ မိဘပြည်သူများသည် သတ်မှတ်စုရပ်ဂိတ် (၁) နေရာမှ ၇၃ လမ်းအတိုင်း မြောက်ဘက် သဇင်လမ်းထိ၊ ထိုမှ ၆၈ လမ်းအထိ၊ ယင်း ၆၈ လမ်းအတိုင်း မန္တလာသီရိအားကစားကွင်း အရှေ့ဘက်ဝင်ပေါက် ဂိတ်(၂)အထိ၊ ထိုမှတစ်ဆင့် အားကစားကွင်းအဝင် အေဂိတ်သတ်မှတ်နေရာသို့ စုပေါင်းလမ်းလျှောက်ကြပြီး ဒီဇင်ဘာပဉ္စမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယင်းနောက် စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများသည် မန္တလာသီရိအားကစားကွင်း၌ စုပေါင်းကိုယ်ကာယလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)တို့ကို စုပေါင်း ဆောင်ရွက်ကြကြောင်းနှင့် တိုင်းဒေသကြီးအဆင့် ခရိုင် မြို့နယ်တို့ရှိ အားကစားဆပ်ကော်မတီ များက ဦးဆောင်၍ မြို့နယ်များအလိုက် အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ကြပြီးနောက် ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပေသီးစိတ်တွက် သင်္ချာပြိုင်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

မြန်မာစိန်မေ့ပေသီးစိတ်တွက် သင်တန်းကျောင်း၏ စတုတ္ထအကြိမ် ပေသီးစိတ်တွက် သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် စင်ကာပူနိုင်ငံ၌ ကျင်းပသော နိုင်ငံတကာပေသီးစိတ်တွက်ပညာအရည်အချင်းဖြေဆိုပွဲ၌ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ လမ်း ၈၀၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ ယူနန်ဗုဒ္ဓဘာသာဘုံကျောင်းခန်းမ၌ ကျင်းပရာ ပြိုင်ပွဲသို့ မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ ပြင်ဦးလွင်၊ တောင်ကြီး၊ မြစ်ကြီးနား၊ လားရှိုး စသည့် မြန်မာစိန်မေ့ပေသီးစိတ်တွက်သင်္ချာ သင်တန်းကျောင်းခွဲတို့မှ ကျောင်းသား ကျောင်းသူ ၂၀၀ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **တင်မောင်**

## ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**အင်းတော် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ်(၁၆၇/၅)နှင့်(၁၆၇/၆)အကြား၌ ဒီဇင်ဘာ ၃၁ ရက် မွန်းတည့် ၁၂ နာရီခန့်က ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးကာ တစ်ဦးမှာ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ နန့်စီးအောင်ရဲကင်းစခန်းမှ ရဲအုပ်မင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရွှေဘိုဘက်မှ ယာဉ်မောင်း စိုးနွယ် မောင်းနှင်လာသည့် 5E/— လင်ခရူဇာကားနှင့် မြစ်ကြီးနားဘက်မှ အမည်မသိသူ(နေရပ်လိပ်စာစိစစ်ဆဲ)မောင်းနှင်လာပြီး နောက်တွင် ထွန်းလှဝင်းဆိုသူ စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် အမည်မသိ ဆိုင်ကယ်မောင်းနှင်လာသူမှာ နေရာတွင် သေဆုံးခဲ့ကာ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ မိုးညှင်းမြို့နယ်နေ ထွန်းလှဝင်း(၂၁ နှစ်)မှာ (စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ စိုးနွယ်(၄၂ နှစ်)အား အရေးယူပေးရန် ရဲအုပ်မင်းဇော်ဦးက တရားလိုပြုလုပ်၍ မော်လူးနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## ပါရာဒိုကား အရှိန်လွန်တိမ်းမှောက်၍ လူနှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

**သုဝဏ္ဏဝတီ ဇန်နဝါရီ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အတွင်း သိမ်ဆိပ်- ပိန္နဲတော မြို့နယ်ချင်းဆက်ကားလမ်းပေါ်၌ ဒီဇင်ဘာ ၂၉ ရက် နေ့လယ်ပိုင်းက ပါရာဒိုယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှုကြောင့် နှစ်ဦး နေရာတွင်ပင် သေဆုံး၍ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ကိုကိုလတ်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်နေ ကိုကျော်ဖြိုး မောင်းနှင်လာသည့် ယာဉ်အမှတ် 9H/——ခဲရောင်ပါရာဒိုယာဉ်သည် သိမ်ဆိပ်- ပိန္နဲတောလမ်းပေါ် ထုံးဘိုလေးကျေးရွာနှင့် ဝီယော်ကျေးရွာကြား မိုင်တိုင်အမှတ်(၅/၃) နှင့် (၅/၄)ကြားတွင် လမ်းဘေးကျောက်ပုံကို ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းမပေါ်၌ နှစ်ပတ်သုံးပတ်လိမ့်ကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်ပါသူ ငါးဦးအနက် ယာဉ်မောင်းကိုကျော်ဖြိုးနှင့် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ကိုဇေဝင်းထွဋ်တို့ နှစ်ဦးမှာ ကားပေါ်မှ လွင့်စဉ်ကျကာ နေရာတွင်သေဆုံးခဲ့ပြီး ကားအတွင်း ကျန်ရစ်ခဲ့သူများဖြစ်သော ကိုကျော်ဝင်းမြင့်(ပေါင်းတည်မြို့နယ်)၊ ကိုဇော်လတ် (ပဲခူးမြို့နယ်)နှင့် ကိုလွင်မိုးဦး (သုဝဏ္ဏဝတီမြို့) တို့မှာ (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ပြီး သိမ်ဆိပ်တိုက်နယ်ဆေးရုံတွင် တင်ပို့ကုသထားကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဆိပ်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## လှည့်ကင်းစစ်ဆေးရာမှ ဆိုင်ကယ်ခိုးယူသူနှစ်ဦး ဖမ်းဆီးရမိ

**မြင်းခြံ ဇန်နဝါရီ ၂**

မြင်းခြံမြို့ အမှတ်(၁)ရပ်ကွက်အတွင်း၌ ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူနှစ်ဦးအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးယူမှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက် ည ၁၁ နာရီခန့်က ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မြင်းခြံမြို့အမှတ်(၁)ရပ်ကွက် မောင်းတံဂိတ်အနီး၌ ခါတ်ဆီထည့်ထားသောရေသန့်ဘူးတွင် ဆီပိုက်တပ်လျက် စီးနင်းမောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးမေးမြန်းရာမှ စီးနင်းလာသူနှစ်ဦးမှာ အမှတ်(၁) တိုးချဲ့ရပ်ကွက်နေ စည်သူအောင်နှင့် ကျော်ဇင်မိုးတို့ဖြစ်ပြီး အဆိုပါဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် သက်သေများနှင့်အတူ ရှာဖွေပုံစံတွင် ရေးသွင်းသိမ်းဆည်းခဲ့ပြီး စည်သူအောင်နှင့် ကျော်ဇင်မိုးတို့အား မြင်းခြံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဒီရေတောများစိုက်ပြီး လေးလခန့်အကြာတွင် ကောင်းကျိုးများ စတင်ခံစားရ

**ရေး၊ ဇန်နဝါရီ ၂**

မွန်ပြည်နယ် ရေးမြို့နယ် အံ့ဒင်ကျေးရွာအနီးရှိ ဒီရေတောစိုက်ခင်းတွင် အပင်များကို ဩဂုတ်လအတွင်းက စတင်စိုက်ပျိုးခဲ့ပြီးနောက် လေးလကျော်မျှသာကြာသေးသော လက်ရှိအချိန်၌ပင် ကောင်းကျိုးများကို စတင်မြင်တွေ့ခံစားနေရပြီဖြစ်ကြောင်း သိရသည်။

"အပင်တွေ မစိုက်ခင်ကဆို မြေတွေခြောက်ကပ်နေတယ်။ ငါး၊ ခရု၊ ကဏန်းတွေ မတွေ့ရဘူး။ အခုအပင်စိုက်ပြီးတော့ မြေသိသိသာသာ စိုလာပြီး ငါး၊ ခရု၊ ဂဏန်းတွေကိုလည်း တွေ့လာတယ်။ အခုဆို ငှက်တွေတောင် နားလာပြီ။ အရင်က ဒီနေရာတွေဟာ ရေတိုက်စားလို့ မြေကေ ၄၀၀ ဝန်းကျင်လောက် ပျက်စီးဆုံးရှုံးခဲ့ပြီး အခုဒေသခံ ဘုန်းကြီးတွေ၊ ရွာလူကြီးတွေ၊ ရပ်မိရပ်ဖတွေ၊ သစ်တောဦးစီးတွေနဲ့ စုပေါင်းပြီး ဒီရေတောကို အသစ်ပြန်လည်စိုက်ပျိုးခဲ့တာပါ"ဟု အဆိုပါ ဒီရေတော စောင့်ကြည့်ရေးတာဝန်ရှိသူ ကိုနိုင်ဟတင့်က ဒီရေတော၏ အကျိုးသက်ရောက်ပုံကို ပြောကြားသည်။

ဒီရေတော စိုက်ပျိုးခြင်း၏ အကျိုးများနှင့်ပတ်သက်၍ ဒီရေတော စတင်စိုက်ပျိုးသည့်အချိန်က တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သူ တစ်ဦးဖြစ်သည့် ကိုမင်းရာပြည့်က "ဒီရေတောစိုက်ပျိုးခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်း ရောက်တယ်။ ငါးမျိုးတွေ၊ ခရု၊ ကဏန်း၊ ကျေးငှက်တွေ မျိုးမတုံးအောင် ထိန်းသိမ်းရာလည်းရောက်တယ်။ လက်ရှိအကျိုးကိုခံစားရသလိုပဲ ကျွန်တော်တို့သားစဉ်မြေးဆက် ဒီအကျိုးကို ခံစားရမှာဖြစ်ပြီး သားငါးတွေ ရှာဖွေစားသောက်ရတာ လွယ်ကူစေမှာဖြစ်ပါတယ်"ဟု ပြောသည်။

အံ့ဒင်ကျေးရွာတွင် အဆိုပါ ဒီရေတောကို ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်က စတင်စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးမြေ ဧက ၇၀၀ ကျော်တွင် အပင်ပေါင်း ၁၀၂၁၀ ပင်ကို စိုက်ပျိုးခဲ့သည့်အနက် လက်ရှိအချိန်အထိ ၄၇၃ ပင် သေဆုံးပြီး ၉၈၄၇ ပင် ရှင်သန်လျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**



အံ့ဒင်ကျေးရွာ ဒီရေတောကို ဩဂုတ်လအတွင်းက လူငယ်များ စတင်စိုက်ပျိုးနေစဉ်

# လုံမွန်းနီယဉ်ကျေးလိမ္မာ ဓမ္မသင်တန်းဆင်း ပွဲကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂**

မိတ္ထီလာမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများ လိမ္မာယဉ်ကျေးစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့သည့် လုံမွန်းနီယဉ်ကျေးလိမ္မာသင်တန်း၏ သင်တန်းဆင်းပွဲကို မိတ္ထီလာမြို့မရပ်ကွက် ဆုတောင်းပြည့်သာသနာ့ဗိမာန်တော်ကြီး၌ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် လုံမွန်းနီယဉ်ကျေးလိမ္မာအဖွဲ့ဝင် ဦးဖြိုးဝေသန်းနှင့် ခရိုင်စာရင်းစစ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းတို့က အမှာစကားပြောကြားပြီး မန္တလေးမြို့ ရေတံခွန်တောင် သစ္စဝေဒဂူဆရာတော်ကြီး အရှင်မစာရက လုံမွန်းနီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းမိန့်ကြားသည်။ ထို့နောက် လုံမွန်းနီယဉ်ကျေးလိမ္မာသင်တန်းအဖွဲ့ဝင် ဒေါ်သန္တာသန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းခဲ့သည်။

လုံမွန်းနီယဉ်ကျေးလိမ္မာသင်တန်းကျောင်းကို မိတ္ထီလာမြို့နယ်အတွင်း၌ ပင်မနှင့် ကျောင်းခွဲရှစ်ကျောင်းဟု နေရာ ကိုးနေရာခွဲ၍ ဇွန်လအတွင်းက စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ သင်တန်းများတွင် ဗုဒ္ဓဝင်၊ စာရိတ္တ၊ ကြီးပွားရေးနှင့် အောင်မြင်ရေးစသည့် ဘာသာရပ်လေးမျိုးကို တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသူ သင်တန်းသား ၇၅၀ ကျော်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲတွင် အဆိုပါသင်တန်းများမှ ထူးချွန်စွာအောင်မြင်ခဲ့သည် သင်တန်းသားသင်တန်းသူ ၁၃၅ ဦးကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# သီပေါကင်းထောက်လူငယ်မောင်မယ်များ ပြင်ဦးလွင်မှ ကင်းထောက်များနှင့် တွေ့ဆုံ

**သီပေါ ဇန်နဝါရီ ၂**

ဒေသန္တရဗဟုသုတရှာမှီးရေးနှင့် ကင်းထောက်များ အချင်းချင်း ရင်းနှီးချစ်ခင်မှုရရှိရေးအတွက် ကင်းထောက်ကြီးများနှင့် ကင်းထောက် ဆရာဦးသန်းလွင်၊ ကင်းထောက်ဆရာမ ဒေါ်နန်းမူမူအေးတို့ ဦးဆောင်သော ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှ ကင်းထောက်လူငယ်မောင်မယ် ၆၅ ဦးတို့သည် ဒီဇင်ဘာ ၃၁ ရက်က ပြင်ဦးလွင်မြို့နယ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ရှေးဦးစွာ ကင်းထောက်မောင်မယ်များသည် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး သန့်ရှင်းရေး လုပ်အားဒါနပြုကြသည်။ ဆက်လက်၍ ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ပြင်ဦးလွင်မြို့မှ ကင်းထောက်မောင်မယ်များက ခရီးဦးကြိုဆိုကြပြီး နှစ်မြို့နယ်ကင်းထောက်များ ကတိသုံးပါးနှင့် ကင်းထောက်ကျင့်ဝတ် ၁၀ ပါးတို့ကို ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ကင်းထောက်အစဉ်အသင့် တေးသီချင်းကို သံပြိုင်သီဆို၍ ပြင်ဦးလွင်ကင်းထောက်ဆရာဦးမြဝင်းထံ သီပေါကင်းထောက်အဖွဲ့က အထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။

ထို့နောက် အထက(၁)ကင်းထောက်ပြခန်း၌ ပြသထားသော တောစခန်းထွက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သော ရွက်ဖျင်တဲထိုးနည်း၊ ကြိုးကျစ်နည်း၊ အချက်ပြ အလံအမှတ်အသားများ၊ ကင်းထောက်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းများကို ပြင်ဦးလွင် ကင်းထောက်ဆရာမဒေါ်သန်းသန်းယုက လက်တွေ့ရှင်းလင်းပြသသည်။

**စိုင်း(သီပေါ)**

# သီးနှံပိုးမွှားကာကွယ်ရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လွန်ပင်ကုန်းကျေးရွာမှ ဒေသခံတောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် သီးနှံပိုးမွှားကာကွယ်ရေး နည်းပညာပေးသင်တန်းကို ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဒီဇင်ဘာ ၃၁ ရက် ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေတို့အဖွဲ့က ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့်အတူ ကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ သင်တန်းပို့ချခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် ခရိုင်သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံက တောင်သူများ၏ စီးပွားဖြစ်စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများတွင် သီးနှံဖျက်ပိုးမွှားကျရောက်ပါက နှိမ်နင်းရမည့် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံက မြေဆီလွှာပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် ပြုပြင်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေက တောင်သူများ သီးနှံစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း ပိုမိုရရှိစေနိုင်သည့် နည်းလမ်းများကိုလည်းကောင်း သင်ကြားပို့ချပေးခဲ့ပြီး တောင်သူများသိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သင်တန်းသို့လွန်ပင်ကုန်းကျေးရွာမှ ဒေသခံတောင်သူ ၅၈ ဦးခန့် တက်ရောက်ခဲ့ကြပြီး တောင်သူများကိုယ်တိုင် သီးနှံစိုက်ခင်းများတွင် ပိုးမွှားရောဂါအန္တရာယ်ကို ထိရောက်စွာကာကွယ်တားဆီးနိုင်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် သီးနှံထုတ်လုပ်မှုစွမ်းအား ပိုမိုကောင်းမွန်လာစေရန်နှင့် မြေဆီလွှာထိန်းသိမ်းနည်းပညာများကို လက်တွေ့အသုံးချ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပညာ့အလင်း အခမဲ့စာကြည့်တိုက်ဖွင့်

**တောင်ငူ ဇန်နဝါရီ ၂**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ငူမြို့နယ် ဇီးဒိုင်းကျေးရွာအုပ်စု အိုးကုန်းကြီးကျေးရွာ၌ ပြည်သူများထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောက်လုပ်ခဲ့သည့် ပညာ့အလင်းအခမဲ့စာကြည့်တိုက် ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ပညာ့အလင်း အခမဲ့စာကြည့်တိုက်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ဦးအေးမင်းဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းနှင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စာကြည့်တိုက်ဖြစ်မြောက်အောင် အလှူငွေထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၂၁ ပေရှိကာ သွပ်မိုး အုတ်ညှပ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေ ကျပ်သိန်းသုံးဆယ်ကျော်နှင့် လုပ်အားများဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ကျေးရွာ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ပေး

**မင်းတုန်း ဇန်နဝါရီ ၂**

မင်းတုန်းမြို့နယ် စိုင်ဒိုးကျေးရွာမှ ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၅၂ သိန်းဖြင့် စက်ရေတွင်းတစ်တွင်း တူးဖော် ပေးလျက်ရှိကြောင်း သိရသည်။

စက်ရေတွင်းကို တော်ဝင်ရှုခင်းကုမ္ပဏီက တာဝန်ယူ၍ တူးဖော်ပေးလျက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာ ကာစိုး၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနိုင်ဝင်း နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



စိုင်ဒိုးကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ စက်ရေတွင်းတူးဖော်ခြင်းအဖြစ် အနက်ပေ ၅၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းအပြင် ရေစက်ရုံတည်ဆောက်ခြင်းနှင့် အုတ်ရေကန် တစ်ကန် တည်ဆောက်ခြင်းတို့လည်း ပါဝင်ကာ လုပ်ငန်းများအားလုံးကို ဖေဖော်ဝါရီလတွင် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ပေးခြင်းနှင့် ပတ်သက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက "ဒီကျေးရွာမှာက စက်ရေတွင်းမရှိဘူး။ လက်ရှိအသုံးပြုနေတာက ချောင်းဘေးက လက်ရက်တွင်း၊ တုံကင်တွင်းကို အားကိုးအသုံးပြုနေရတယ်။ လက်ရက်တွင်းတွေကလည်း ရေသိပ်မလိုက်တော့ဘူး"ဟု ပြောသည်။

လက်ရှိအချိန်တွင် စိုင်ဒိုးကျေးရွာ၌ အိမ်ခြေ ၁၃၇ အိမ်၊ လူဦးရေ ၄၀၀ ကျော်ရှိကာ သောက်ရေသုံးရေအတွက် ကျေးရွာအနီးရှိ အိုင်းမတောင်ကျချောင်းမှရေကို အားထား အသုံးပြုလျက်ရှိသည်။ အိုင်းမတောင်ကျချောင်းမှာ မိုးရာသီတွင်သာ ရေရှိပြီး ဆောင်းရာသီနှင့် နွေရာသီတို့တွင် ရေမရှိသောကြောင့် ချောင်းဘေးတွင် လက်ရက်တွင်းနှင့် တုံကင်တွင်းများ တူးဖော်၍ အသုံးပြုနေကြရပြီး လက်ရက်တွင်းများမှာလည်း ဆောင်းရာသီနှင့် နွေရာသီတို့တွင် ရေလိုက်နည်း၍ ဒေသခံများအဖို့ ရေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခု စက်ရေတွင်းတူးဖော်မှု ပြီးစီးပါက ဒေသခံများ၏ သောက်သုံးရေအခက်အခဲကို အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# မြန်မာနိုင်ငံနှင့် မှတ်တမ်းအမွေအနှစ်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိနေသည့် အမွေအနှစ်များကို မှတ်တမ်းအမွေအနှစ်(Memory of the world) အဖြစ် သတ်မှတ်ပေးသည့် လုပ်ငန်းအစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယူနက်စကို အဖွဲ့သည် ဘီစီ ၁၇၀၀ မှစ၍ ယနေ့တိုင် ကြွင်းကျန်နေသည့်မှတ်တမ်းအမွေအနှစ်များကို အသိအမှတ်ပြု ထုတ်ပြန်ပေးခဲ့ရာ ဒြပ်ရှိရုပ်ဝတ္ထုများ (Tangible object) သာမက ဒြပ်မဲ့ယဉ်ကျေးမှုများ (Intangible culture) များလည်းပါဝင်ခဲ့သည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်သည်နိုင်ငံအသီးသီးရှိ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များအားထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့သည်။

နိုင်ငံ ၁၀၄ နိုင်ငံနှင့် အဖွဲ့အစည်းငါးခုတို့ ပူးပေါင်းစိစစ်လျက် ယင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် အထိ မှတ်တမ်းအမွေအနှစ် ၃၃၈ ခု အသိအမှတ်ပြုပေးခဲ့ရာ မြန်မာနိုင်ငံမှ သုံးခုပါဝင်ခဲ့သည်။ ကမ္ဘာ့နိုင်ငံများက တင်သွင်းလာသည့် မိမိတို့နိုင်ငံအသီးသီးမှ အဆိုပြုအမွေအနှစ်များကို ယူနက်စကိုအဖွဲ့ကစိစစ်ပြီး နှစ်နှစ်တစ်ကြိမ်ထုတ်ပြန်ပေး



လျက်ရှိသည်။

**ပိဋကတ်ကျောက်စာချပ်များ**

မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန် စေတီဝင်းအတွင်း၌ စိုက်ထူထားသည့် ပိဋကတ်သုံးပုံ ကျောက်စာချပ် ၇၂၉ ချပ်ကိုယူနက်စကိုအဖွဲ့က မြန်မာနိုင်ငံ၏ ပထမဆုံး မှတ်တမ်းအမွေအဖြစ် ၂၀၁၃ ခုနှစ် ဇွန်လတွင် အသိအမှတ်ပြုခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု တင်စားသည့် ယင်းကျောက်စာများသည် ကမ္ဘာပေါ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် သမိုင်းကြောင်း ယဉ်ကျေးမှု တန်ဖိုးရှိသည့် မှတ်တမ်းအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြထားနိုင်သည့်အတွက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့သည်။

ဗုဒ္ဓပိဋကတ်တော်သုံးပုံနှင့် နေတ္တိကျမ်း၊ မိလိန္ဒပဉှာကျမ်း၊ ပေဋကောပဒေသဟူသည့် သုတ်သုံးကျမ်းတို့ကို ကျောက်ထက်အက္ခရာတင်ထားသည့် ယင်းကျောက်စာချပ်များသည် မင်းတုန်းမင်း၏ ကုသိုလ်တော်များဖြစ်ပြီး ခရစ်နှစ် ၁၈၆၀ ပြည့်နှစ်မှ ၁၈၆၉ ခုနှစ်အထိ ခုနှစ်နှစ်ခြောက်လ နှင့် ၁၄ ရက်ကြာရေးထိုးခဲ့ရသည်။ ကျောက်စာချပ် တစ်ချပ်သည် အလျားငါးပေ၊အနံ လေးပေ ခြောက်လက်မ၊ မြေဝင်တစ်ပေနှင့် အထူခြောက်လက်မရှိသည်။ ကျောက်ချပ်များပေါ်တွင် ပိဋကတ်ပါဠိတော်များကို မြန်မာအက္ခရာစာလုံးဝိုင်းဖြင့် ထွင်းထုထားသည်။

ယင်းပါဠိတော်များသည် မင်းတုန်းမင်းလက်ထက် ၁၈၇၁ ခုနှစ် ဧပြီ ၁၅ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ ကျင်းပခဲ့သည့် ပဥ္စမသင်္ဂါယနာ တင်ပွဲ၌ သံဃာတော်အပါး ၂၄၀၀ က နေ့စဉ်ရက်ဆက် နှုတ်ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသော ပိဋကတ်တော်များဖြစ်ကြသည်။ သင်္ဂါယနာတင် ပါဠိတော်များအား ၁၉၀၀ ပြည့်နှစ်တွင် တစ်အုပ်လျှင်ဂရိတ်ပရိုင်မာစာလုံးဖြင့် ရွိုင်ရယ်ရှစ်ချိုးဆိုက် စာမျက်နှာ ၄၀၀ ဝန်းကျင်ရှိ စာအုပ်ပေါင်း ၃၈ အုပ်ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုပိဋကတ်တော်များကို တစ်နေ့လျှင်ရှစ်နာရီ ပုံမှန်ဖတ်လျှင်အားလုံးပြီးဆုံးသည်အထိ တစ်နှစ်နှင့် သုံးလကြာမြင့်မည် ဖြစ်သည်။

မန္တလေးမြို့၏ မူလဘူတခုနစ်ဌာနဖြစ်သည့် နန်းမြို့ကျုံး မဟာလောကမာရဇိန်စေတီ ၊ပဋ္ဌာန်းမဟာရွှေသိမ်၊အတုမရှိကျောင်း ၊သုဓမ္မာဇရပ်နှင့် ပိဋကတ်တိုက်တို့တွင် တစ်ခုအပါအဝင်ဖြစ်သည့် မဟာလောကမာရဇိန်စေတီတော်၏ မဟာရံတံတိုင်း သုံးထပ်အတွင်း ပိဋကတ် ကျောက်စာများကို ခရစ်နှစ် ၁၈၇၁ ခုနှစ်က စိုက်ထူခဲ့ရာ နှစ်ပေါင်း ၁၄၆ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

မင်းတုန်းမင်းသည် ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်တော်များကို က မ္ဘာတည်သရွေ့ တည်တံ့နေစေလိုသည့်ဆန္ဒ၊ သာသနာပကာလတိုင် တည်ရှိနေစေလိုသည့် စေတနာများဖြင့် အမှားအယွင်းကင်းစင်စွာ ကျောက်ထက်အက္ခရာတင်ခဲ့သည်။ ယင်းတို့သည် ဝိနည်းငါးကျမ်း ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ၂၀၈ ချပ်၊ နိကာယ် ငါးကျမ်းနှင့်သုတ်သုံးကျမ်း ၄၁၀ ချပ် စုစုပေါင်း ၇၂၉ ချပ်ဖြစ်ပြီး ကျောက်စာတစ်ချပ်စီကို အုတ်ပြသာဒ်တိုက်တစ်ခုစီဖြင့် မဟာလောကမာရဇိန် ဘုရားဝင်းအတွင်း ပထမ မဟာရံတံတိုင်းအတွင်း၌ ၄၂ ချပ်၊ ဒုတိယ မဟာရံတံတိုင်းအတွင်း၌ ၁၆၈ ချပ်၊ တတိယ မဟာရံတံတိုင်းအတွင်း၌ ၅၁၉ ချပ် စိုက်ထူခဲ့သည်။ ကျောက်စာအလှူတော် အတွက် ငွေကျပ် ၂၂ ကုဋေ ၆ သန်း ကုန်ကျခဲ့သည်။

မဟာလောကမာရဇိန်စေတီသည် ပိဋကတ်ကျောက်စာတော်များကို စေတီဝင်းအတွင်း စိုက်ထူထားသဖြင့် (မင်းတုန်းမင်း) ၏ကုသိုလ်တော်ဘုရားဟု ထင်ရှားခဲ့သည်။ စေတီတော်၏ အင်္ဂါထောင့်(အရှေ့တောင်ဘက်)တွင် မော်ကွန်းကျောက်စာတစ်ချပ်ကို စိုက်ထူထားသည်။ ယင်းကျောက်စာများသည် ဗုဒ္ဓပိဋကတ်တော်များကို အပြည့်စုံဆုံး မှတ်တမ်းတင်ထားသော မှတ်တမ်းအမွေအနှစ် ဖြစ်ပြီး မင်းတုန်းမင်း၏ အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်ခဲ့မှုအဖြစ် ယနေ့တိုင် ဂုဏ်ယူဖွယ်တည်ရှိနေပေသည်။

**အလောင်းမင်းတရားရွှေပေလွှာ**

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရသည့် အလောင်းမင်းတရားရွှေပေလွှာသည် ပြည်ပနိုင်ငံတွင် ရောက်ရှိနေသည့် သမိုင်းဝင်မှတ်တမ်း စာတစ်စောင်ဖြစ်သည်။ ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျက ဗြိတိသျှဘုရင် ဒုတိယမြောက်ဂျော့ထံသို့ ၁၇၅၆ ခုနှစ်တွင် ပေးပို့ခဲ့သည့် ရွှေပေလွှာသည် ၁၈ ရာစု မြန်မာ နိုင်ငံ၊ ဥရောပနှင့်ကမ္ဘာ့သမိုင်း၏ ခိုင်မာသောအထောက်အထားတစ်ရပ်ဖြစ်ပြီး အနုသုခုမလက်ရာ တန်ဖိုးမြင့်မားခြင်းကြောင့် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်ဖြစ်လာခဲ့သည်။

အလောင်းမင်းတရားရွှေပေလွှာသည် ဂျာမနီနိုင်ငံ ၊ ဟန်နိုဗာမြို့ရှိ Gottfried Wilhelm Leibniz စာကြည့်တိုက်တွင်နှစ် ၂၅၀ ကျော်ကြာစာကြည့်တိုက်၏ မြေအောက်ခန်းတွင် ရှိနေခဲ့ရာမှ စာကြည့်တိုက်မှူး Dr. Friedrich Hulsmann၏ကြိုးပမ်းမှုကြောင့် ထင်ရှားလာခဲ့သည်။ Dr. Friedrich Hulsmann သည် ၂၀၀၆ ခုနှစ်ဇူလိုင်လတွင် ဟမ်းဘာ့ခ်တက္ကသိုလ် အာရှနှင့်အာဖရိကရေးရာ အင်စတီကျူမှ အရှေ့တိုင်းဘာသာဗေဒနှင့် သမိုင်းပညာရှင် Dr. Jacques Leider ထံစာကြည့်တိုက်တွင် Ms IV 571a ဟု မှတ်တမ်းပြုကာ နှစ်ရှည်လများ သိမ်းဆည်းထားခဲ့သည့် ရွှေပေလွှာမိတ္တူကိုပေးပို့ခဲ့ပြီး ရွှေပေလွှာပေါ်တွင် ရေးသားထားသည့် အက္ခရာစာလုံးများ၏ ဘာသာစကားနှင့် အဓိပ္ပာယ်ကို ဖော်ထုတ်ပေးရန် အကူအညီတောင်းခံခဲ့သည်။

Dr. Jacques Leider သည်သဝဏ်လွှာ၏ရေးကျသော သမိုင်းနှင့် မြန်မာ၊ ဗြိတိန်နှစ်နိုင်ငံတို့၏ နိုင်ငံရေးဝိသေသလက္ခဏာများကို သုတေသန ပြုလုပ်ခဲ့ပြီး ယင်းရွှေပေလွှာသည်မြန်မာဘုရင် အလောင်းမင်းတရား၏ ပျောက်ဆုံးနေပြီဟုယူဆထားသော သဝဏ်လွှာမူရင်းဖြစ်ကြောင်း ၂၀၀၇ ခုနှစ်တွင် ဖော်ထုတ်ခဲ့ပြီး အလောင်းမင်းတရားကြီးထံမှ ဂျော့ချ်ဘုရင်ထံသို့ပေးစာ (၁၇၅၆ ခုနှစ်၊ မေလ ၇ ရက်နေ့) အမည်ရှိ စာမျက်နှာ ၁၄၁ မျက်နှာပါ စာတမ်းတစ်စောင်ကို ၂၀၀၉ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။

စာတမ်းတွင် အလောင်းမင်းတရားကြီးသည် အင်္ဂလိပ်ဘုရင်နှင့်မိတ်ဆွေဖွဲ့ရန် အိန္ဒိယနိုင်ငံမဒရပ်မြို့ရှိအရှေ့အိန္ဒိယကုမ္ပဏီမှတစ်ဆင့် ချစ်ကြည်ရေးရွှေပေလွှာအားဗြိတိသျှဘုရင်ထံပေးပို့ခဲ့ကြောင်းနှင့် ရွှေပေလွှာအား အမတ်တစ်ဦးဖြစ်သော လက်ဝဲနော်ရထာအား ရေးသားစေခဲ့ကြောင်း ဖော်ပြထားသည်။

အလောင်းမင်းတရား ရွှေပေလွှာသည် ထောင့်မှန်စတုဂံပုံသဏ္ဌာန်ဖြစ်ပြီး အလျား ၅၅ စင်တီမီတာ (၂၁ ဒသမ ၆၅ လက်မ) နှင့် အနံ ၁၂ စင်တီမီတာ (၄ ဒသမ ၇၂ လက်မ) ရှိသည်။ အပြားခတ်ထားသော ရွှေသားစစ်စစ်ပေါ်တွင် မြန်မာဘာသာဖြင့် သဝဏ်လွှာ ရေးသားပြီး ထိပ်နှစ်ဖက်၌ တစ်ဖက်လျှင်ပတ္တမြား ၁၂ လုံးစီကို ရွှေပြားအတွင်း မြှုပ်နှံစီခြယ်ထားသည်။ အလောင်းမင်းတရားသည် ယင်းရွှေပေလွှာကို ဗြိတိန်နိုင်ငံဘုရင်ထံသို့ မြန်မာသက္ကရာဇ် ၁၁၁၈ ခု၊ ကဆုန်လဆန်း ၁၀ ရက် (ခရစ်နှစ် ၁၇၅၆ ခု၊ မေလ ၈ ရက် ) စနေနေ့တွင် ပေးပို့ခဲ့သည်။ အလောင်းမင်းတရား ရွှေပေလွှာကို အင်္ဂလိပ်ဘာသာပြန်နှင့် ပူးတွဲလျက် ဆင်စွယ်ကြုတ်တွင် ထည့်ကာ ဗြိတိသျှဘုရင် ဒုတိယမြောက် ဂျော့နန်းစိုက်သည့် လန်ဒန်မြို့သို့ပေးပို့ခဲ့ရာ ခရီးလမ်းကွာဝေးသဖြင့် နှစ်နှစ်ကြာမြင့်ခဲ့ပြီး ၁၇၅၈ ခုနှစ်တွင် လန်ဒန်သို့ရောက်ရှိခဲ့သည်။ ဗြိတိသျှဘုရင်ဂျော့သည် သဝဏ်လွှာကို အသိအမှတ်ပြု လက်ခံခဲ့ပြီး ဟန်နိုဗာမြို့ရှိ စာကြည့်တိုက်သို့ လွှဲပြောင်းပေးခဲ့သည်။ထိုစဉ်က ဟန်နိုဗာသည် ဗြိတိသျှတို့၏ လက်အောက်ခံ တိုင်းငယ်တစ်ခုဖြစ်ခဲ့သဖြင့် ဂျော့ဘုရင်သည် လန်ဒန်တွင် နန်းစိုက်နေသော်လည်း အလောင်းမင်းတရား ရွှေပေလွှာကို မိမိပိုင်နက်ဖြစ်သော ဇာတိမြေ ဟန်နိုဗာသို့ပေးပို့ခဲ့သည်။

ရွှေပေလွှာပေါ်တွင်ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော သုနာပရန္တတိုင်တမ္ဗဒီပတိုင် ကမ္ဘောဇတိုင်းစသော တိုင်းကြီးအပေါင်းတို့၌နှိုက် မြန်မာပြည်ရှမ်းပြည် ယွန်းပြည်ကသည်းပြည်တလိုင်းပြည် ရာဇဌာနီပြည်ကြီး ထီးဆောင်မင်းတကာတို့ဝိသခင် ပတ္တမြား ရွှေ၊ ငွေ၊ ကြေး၊ သံပယင်း ရတနာတွင်များသခင် ဆင်ဖြူ၊ ဆင်နီ၊ ဆင်ကျား စကြာရွှေလုံရ အာဒိစ္စဝံသနေမင်း၏ အဆက်အနွယ်အဆောင်ဆောင်သော ရွှေနန်း ရွှေပြသာဒ်သခင် ရတနာပူရအင်းဝပြည်ကြီးနှင့်တကွ အယုဇ္ဈ ပူရမည်သော ရတနာသိင်္ဃကုန်းဘောင်ရွှေပြည်ကြီးကိုဝ်အ စိုဝ်ရတော်မူသော အလောင်မင်တရာကြီချစ်ကြည်စွာကြာရောက်အပ်သော... (မူလစာလုံးပေါင်းအတိုင်းဖြစ်ပါသည်)ဟု အစချီရေးသားထားသည်။

ရွှေပေလွှာ၏အဆုံးတွင် ငါသားတော် အစည်မြေးတော် အဆက်မြစ်တော် အညွန့် အကြည်တော်မြို့မ အင်ကရိတ်မြို့ဝ်မ ဘုရင်ကိုယ်မြေးမြစ်အစည်ရှည်စွာ ချစ်ကြည်ကြရမည် အကြောင်းကိုယ်သက္ကရာဇ် ၁၁၁၈ ခုကဆုန်လဆန်း ၁၀ ရက်နေ့ ရာဇသံရွှေပေစာနှင့် ချစ်ကြည်စွာကြွရောက်အပ်သော အင်ကရိတ်မြို့ဝ်မကေိုဝ်သာ အကြည်တော် အင်ကရိတ်ဘုရင်ဟုရေးသားကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို ဖော်ညွှန်းခဲ့သည်။

ရွှေပေလွှာအရ အလောင်းမင်းတရားသည် အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကုမ္ပဏီအား ပုသိမ်ဆိပ်ကမ်းတွင် အခြေစိုက်စခန်းတစ်ခု တည်ထောင်ခွင့်ပြုခဲ့သည်။ ရာသီဥတုဆိုးရွားပြီး ကုန်သွယ်ရေးလမ်းကြောင်း အလှမ်းဝေးသော ဟိုင်းကြီးကျွန်းတွင် အခြေချနေသည့် အရှေ့အိန္ဒိယကုမ္ပဏီသည် ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းများကောင်းစွာ အခြေချနိုင်သည့် ပုသိမ်တွင် အခြေစိုက်စခန်း ဖွင့်ခွင့်ရရှိခဲ့သဖြင့် ကျေနပ်ခဲ့မည်သာဖြစ်သည်။ သို့သော်အင်္ဂလိပ်တို့ထံမှ မည်သည့်အကြောင်းပြန်ကြားချက်ကိုမျှ မရရှိခဲ့ချေ။

လွန်ခဲ့သော ၂၆၁ နှစ်က မြန်မာနိုင်ငံဘုရင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ဗြိတိန်ဘုရင်ထံ ပေးပို့ခဲ့သည့် ရွှေပေလွှာသည် မြန်မာနိုင်ငံအတွက်သာမက ဗြိတိန်နိုင်ငံအတွက်ပါ တန်ဖိုးကြီးမားသည့် သမိုင်းအထောက်အထားတစ်ရပ်ဖြစ်သည်။ အလောင်းမင်းတရား ရွှေပေလွှာဒီဂျစ်တယ်မိတ္တူကို ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် ကြည့်ရှုနိုင်ကြပြီး ယင်းသဝဏ်လွှာအား မြန်မာဘုရင်များ ထုတ်ပြန်ခဲ့သည့် ရွှေပေလွှာများအနက် ကမ္ဘာပေါ်တွင် တစ်ခုတည်းသာကျန်ရှိနေသည့် ရွှေပေလွှာဟု ယူဆကြသည်။




**ရာဇကုမာရ်ကျောက်စာ**

၂၀၁၅ ခုနှစ်မှာပင် ပုဂံရှိ ရာဇကုမာရ်ကျောက်စာသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ဖြစ်လာခဲ့ပြန်သည်။

မြန်မာ့သမိုင်းတွင် ပုဂံခေတ်၌ရေးထိုးခဲ့သည့် ကျောက်စာများအနက် ပုဂံခေတ် အမွေအနှစ်တစ်ရပ်ဖြစ်သည့် ရာဇကုမာရ်ကျောက်စာကို ယခုအခါတွင် မြစေတီစေတီတော်ရင်ပြင်တွင်တစ်ချပ်နှင့် ပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် တစ်ချပ်ပြသထားသည်။ရာဇကုမာရ်ကျောက်စာသည် နှစ်ချပ်ရှိပြီး တစ်ချပ်ကို အကောင်းအတိုင်းတွေ့ရှိခဲ့ရပြီး အခြားတစ်ချပ်ကို အပိုင်းသုံးပိုင်းကျိုးလျက် တွေ့ရှိခဲ့သည်။

ကျောက်စာနှစ်ချပ်ကို ဘာသာစကားလေးမျိုးဖြင့် တူညီစွာရေးထားပြီး ပုဂံမြို့မှ တောင်ဘက်တစ်မိုင်ခွဲအကွာ မြင်းကပါအရပ်ရှိမြစေတီအနီးမှရရှိခဲ့သည့် ကျောက်စာအကောင်းကို ရှေးဟောင်းသုတေသနပြတိုက်(ပုဂံ)တွင် ပြသထားသည်။ ဂူပြောက်ကြီးဘုရားအနီးမှ ရရှိခဲ့သော ကျောက်စာပိုင်းသုံးခုကို ပြန်လည်ဆက်စပ်၍ မြစေတီရင်ပြင်ပေါ်ရှိ ကျောက်စာတိုက်တွင် ပြသထားသည်။ ကျောက်စာနှစ်ခုလုံးတွင် ရေးထွင်းထားသော စာသားများသည် အတူတူဖြစ်သဖြင့် ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က ဒုတိယကျောက်စာတိုင်သည် ပထမကျောက်စာတိုင်၏အပွားဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

ကျောက်စာရေးထိုးခဲ့သူမှာ ကျန်စစ်သားမင်း ကြီး၏ သားတော် ရာဇကုမာရ်မင်းသားဖြစ်ပြီး ကျန်စစ်သားမင်းကြီး ကွယ်လွန်သော မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ် ( ခရစ်နှစ် ၁၁၁၂) ၌ ရေးထိုးခဲ့သည်ဟု ယူဆကြသည်။ ရာဇကုမာရ် မင်းသားသည် ကျန်စစ်သား၏သားအရင်း ဟုတ်မဟုတ် သုတေသီများအကြား ယူဆမှုကွဲပြားကြသော်လည်း အများစုက ရာဇကုမာရ်မင်းသားအား ကျန်စစ်သားမင်းကြီး၏ သားတော်ဟု လက်ခံကြသည်။

ရာဇကုမာရ် ကျောက်စာသည် အကြောင်းအရာ တစ်ခုတည်းကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာဘာသာလေးမျိုးဖြင့် ရေးထိုးထားသောကြောင့် ဘာသာဗေဒအရ တန်ဖိုးမြင့်မား သကဲ့သို့ ကျန်စစ်သားမင်း၏ ဆောင်ရွက်ချက်သမိုင်းကိုလည်း တွေ့မြင်ကြရပေသည်။ ရာဇကုမာရ်ကျောက်စာအား လန်ဒန်တက္ကသိုလ်မှ ဒေါက်တာဘလက်ဒင်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ၁၉၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ဦးဖေမောင်တင်က မြန်မာဘာသာသို့ ပြန်ဆိုကာ ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ရာဇကုမာရ်ကျောက်စာသည် ဘာသာစကားလေးမျိုးရေးထိုးထားပြီး ၁၂ ရာစု မြန်မာ့သမိုင်း၊ဘာသာရေးနှင့် ယဉ်ကျေးမှုများကို မှတ်တမ်းပြုထားသည့် သက်တမ်းအရှည်ကြာဆုံး ကျောက်စာဖြစ်သောကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။

ယခုအခါတွင် ပုဂံရွှေစည်းခုံစေတီရင်ပြင်ရှိ ဘုရင့်နောင်ခေါင်းလောင်းစာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အဖြစ် အသိအမှတ်ပြုနိုင်ရန် အဆိုပြုတင်ပြထားပေသည်။ ရှေးဟောင်း အမွေအနှစ်များ ကြွယ်ဝခြင်းသည် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုကို ဖော်ညွှန်းနေခြင်းဖြစ်သဖြင့်မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့တွင်တည်ရှိနေသည့် ယဉ်ကျေးမှု အမွေအနှစ်များအား မြတ်နိုးတန်ဖိုးထားလျက် ဂုဏ်ယူစွာထိန်းသိမ်းစောင့်ရှောက် ကြရမည်သာဖြစ်ပါသည်။

**ကိုးကား**
**မြန်မာရက်စွဲသမိုင်း(ကုန်းဘောင်ဆက်)(ဦးတိက္ခလင်္ကာရနှင့်ဒေါက်တာသန်းထွန်း)**
Memory the World(UNESCO Publishing)
**ကမ္ဘာ့အကြီးဆုံးစာအုပ်(လူထုဒေါ်အမာ)**

# စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေး မြေယာများပြုပြင်

**မြစ်သား ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနကကြီးမှူး၍ ရွာသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် လယ်ယာမြေများကို စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေး မြေယာများပြုပြင်ဆောင်ရွက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌဦးစန်းလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က အသင်းသားတောင်သူများဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် သမဝါယမဦးစီးဌာနနှင့် အသင်းသားများ၏ အင်အားပေါင်းစပ်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ထပ်ဆင့်အမှာစကားများ ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက ရွာသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် လယ်ယာမြေများကို စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက ထွန်စက်များဖြင့် မြေယာပြုပြင်ခြင်းများကို ကြည့်ရှုကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မာန်အောင် ဇန်နဝါရီ ၂**

ဇန်နဝါရီ ၄ ရက်နေ့တွင်ကျရောက်မည့် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်နံနက် ၉ နာရီကဈေးတန်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

(၆၉)နှစ်မြောက် လွတ်လပ်ရေးအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပါဝင်ကြပြီး မူလတန်းအဆင့်တွင် မမေ့သင့်သည့် လွတ်လပ်ရေးနေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်တွင် လွတ်လပ်ရေး၏တန်ဖိုး၊ အထက်တန်းအဆင့်တွင်ထိန်းသိမ်းအပ်သည့်လွတ်လပ်ရေးအမွေ ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြကာပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းဇေ(ပြန်/ဆက်)**

# လာအိုကောက်ညှင်းစပါးမျိုး စံကွက်ရိတ်သိမ်း

**ဖျာပုံ ဇန်နဝါရီ ၂**

ဖျာပုံမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှကြီးမှူး၍ တောင်ပေါ်ရိုရှင်းစိုက်ပျိုးရေးကုမ္ပဏီမှ ရွှေကြက်ခာတ်မြေဩဇာအသုံးပြုပြီး စံပြစိုက်ပျိုးထားသော လာအိုကောက်ညှင်းစပါးမျိုး တစ်ဧက စံကွက်ရိတ်သိမ်း အထွက်နှုန်းရယူပွဲကို ဒီဇင်ဘာ ၃၁ ရက်က မြို့နယ် အေးသာယာကျေးရွာ စံပြတောင်သူ ဦးကျော်စိုးမင်း၏ လာအိုကောက်ညှင်းတစ်ဧကစံကွက်၌ကျင်းပရာ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် အေးသာယာ၊ အောင်သာယာ၊ ခရိုင်တော်နှင့် သမိန်ထောကျေးရွာတို့မှ ဒေသခံ လေ့လာရေး တောင်သူ ၁၃၅ ဦး တက်ရောက်ကြသည်။

ယင်းလာအို ကောက်ညှင်းစပါးမျိုး စံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မောင်သွင်တို့က စပါးတစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် စံပြစိုက်ပျိုးထားသော လာအိုကောက်ညှင်းစပါးမျိုးအား စိုက်ပျိုးနည်းစနစ်နှင့် စံကွက်ရိတ်သိမ်းရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တောင်သူဦးကျော်စိုးမင်း၏ လာအိုကောက်ညှင်းစပါးမျိုး တစ်ဧကစံကွက်အား ကျွမ်းကျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက စုပေါင်းရိတ်သိမ်းကြရာ တစ်ဧကစံကွက်မှ ကောက်ညှင်းစပါးတင်း ၈၀ ဒသမ ၄၆ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ဒုတိယအကြိမ် TAKUYA TANIYMA ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**



ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကရာတေးဒိုဆပ်ကော်မတီ၏ ကြီးကြပ်မှုတို့ဖြင့် ဒုတိယအကြိမ် TAKUYA TANIYAMA CUP ကရာတေးဒိုပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအမျိုးအစား ၁၃ မျိုး ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်း "ခတ" (၁၄-၁၇)နှစ်၊ အမျိုးသမီး ၄၇ ကီလိုနှင့်အောက် "ကုမိတဲ့" (၁၄-၁၅) နှစ်၊ အမျိုးသမီး ၄၇ ကီလိုအထက် "ကုမိတဲ့"(၁၄-၁၅) နှစ်၊ အမျိုးသမီး ၄၈ ကီလိုနှင့်အောက် "ကုမိတဲ့" (၁၆-၁၇) နှစ်၊ အမျိုးသမီး ၅၃ ကီလိုနှင့်အောက် "ကုမိတဲ့"(၁၆-၁၇) နှစ်၊ အမျိုးသမီး ၅၃ ကီလိုအထက် "ကုမိတဲ့" (၁၆-၁၇) နှစ်နှင့် အမျိုးသားတစ်ဦးချင်း"ခတ"(၁၄-၁၇) နှစ်၊ အမျိုးသား ၅၂ ကီလိုနှင့်အောက် "ကုမိတဲ့"(၁၄-၁၅) နှစ်၊ အမျိုးသား ၅၇ ကီလိုနှင့်အောက်"ကုမိတဲ့" (၁၄-၁၅) နှစ်၊ အမျိုးသား ၅၇ ကီလိုအထက် "ကုမိတဲ့"(၁၄-၁၅) နှစ်၊ အမျိုးသား ၅၅ ကီလိုနှင့်အောက် "ကုမိတဲ့" (၁၆-၁၇) နှစ်၊ အမျိုးသား ၆၁ ကီလိုနှင့်အောက် "ကုမိတဲ့" (၁၆-၁၇) နှစ် ၊ အမျိုးသား ၆၁ ကီလိုအထက် "ကုမိတဲ့" (၁၆-၁၇) နှစ် တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကရာတေးဒိုကလပ်အသင်းများမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပြီး ပြိုင်ပွဲဝင်ပုံစံများကို ဇန်နဝါရီ ၁၀ ရက်အထိ ပေးပို့ကြရန်ဖြစ်၍ စုံစမ်းသိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း-၀၁-၅၆၄၄၈၉၊ ၀၁-၅၁၀၀၈၄၀၊ ဖက်စ်ဖုန်း-၀၁-၅၁၆၂၄၃၁ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ထားဝယ်သီတဂူဆေးရုံတွင် မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိခွဲစိတ်ကုသ



**ထားဝယ် ဇန်နဝါရီ ၂**

သီတဂူဆရာတော်ကြီးစီစဉ်ဆောင်ရွက်ခဲ့သော ထားဝယ်သီတဂူအာရောဂျံဒါန ဆေးရုံတော်ကြီးတွင် သီတဂူရွှေပြည်ဟိန်းဆရာတော် ဘဒ္ဒန္တခေမာသီရိလင်္ကာရ ဦးဆောင်၍ သမားတော်ကြီးဒေါက်တာမြအောင် စီစဉ်ကြီးကြပ်သော ရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံတော်ကြီးမှ အထူးကုဆရာဝန်များ၊ အထောက်အကူပြုအဖွဲ့များ၊ ထားဝယ်မြို့ သီတဂူအကျိုးတော်ဆောင်အဖွဲ့များ၊ ဒါနအလှူရှင် များ၊ ထားဝယ်ဒေသခံ အထူးကုဆရာဝန်များပူးပေါင်းကာ မျက်စိဝေဒနာရှင် ၄၀၀ ခန့်အား ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်အထိ မျက်စိစမ်းသပ်ပေးခဲ့ကြောင်း သိရသည်။

စမ်းသပ်ပြီးခွဲစိတ်ပေးရမည့် မျက်စိဝေဒနာရှင် သံဃာတော်ငါးပါး၊ သီလရှင် တစ်ပါး၊ အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ၈၃ စုစုပေါင်း ၁၄၈ ဦးအား ဒီဇင်ဘာ ၂၉ ရက်မှစ၍ ၃၁ ရက်အထိ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ကယားပြည်နယ်နေ့ အထိမ်းအမှတ် လွိုင်ကော်၌ကျင်းပမည်

**လွိုင်ကော် ဇန်နဝါရီ ၂**

(၆၉)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ လွိုင်ကော်မြို့ရှိ ကယားပြည်နယ်နေ့ပွဲတော်ကွင်း ပြည်နယ်ခန်းမ၊ မြို့တော်ခန်းမ၊ နောင်ယားကန်သာနှင့် အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်နေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကန္ဒရဝတီအလှမယ်ပြိုင်ပွဲ၊ ရိုးရာနပန်းပြိုင်ပွဲ၊ စပါးထောင်းပြိုင်ပွဲ၊ လှေပြိုင်ပွဲ၊ ငါးမျှားပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော အစရှိသည့် အားကစားနည်းမျိုးစုံ ပြိုင်ပွဲများ၊ ဝန်ကြီးဌာန ပြခန်းများ၊ ကုန်စည်ပြပွဲ၊ စင်တင်တေးဂီတ၊ ဇာတ်ပွဲ အစရှိသည်တို့ ပါဝင်ပြီး စားသောက်ဆိုင်နှင့် ကုန်မျိုးစုံအရောင်းဆိုင် စုစုပေါင်း ၁၀၀၀ ကျော်တို့လည်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုတပ်ဖွဲ့စိတ် (မတ္တရာ) မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသည့် အိတ်ဇောဖွင့်ပြီး ဆူညံစွာမောင်းနှင်သော စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်စီးနင်းသူများထံမှ သိမ်းဆည်းထားရှိသော ဆိုင်ကယ်အိတ်ဇော ၉၅ ခုကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်သိန်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၃၀ ရက်က ရွှေဘုံသာလမ်းမကြီးပေါ်တွင် လမ်းကြိတ် စက်ဖြင့် စုပေါင်းဖျက်ဆီးဆောင်ရွက်စဉ်**

စိုးကျော်သူထွေး(မတ္တရာ)

# ကျေးရွာလမ်းသစ်ဖွင့်ပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၂**

ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု ရွာမကျေးရွာ၌ ဇန်နဝါရီ ၁ ရက်က မြန်မာဆယ်မားအူးလ်ဒုန်းစီမံကိန်းကျေးရွာသစ် လှုပ်ရှားမှုအနေဖြင့် ကျေးရွာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် အရှည်ပေ ၃၅၀၀၊ အကျယ် ၁၀ ပေရှိ ရွာမကျေးရွာ၊ ရွာလယ်လမ်း ဂဝံလမ်းမကြီးအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရွာမကျေးရွာသည် အိမ်ထောင်စု ၃၅၀၊လူဦးရေ ၂၀၀၀ ကျော်ရှိပြီး ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအား နိုင်ငံတော်အစိုးရနှင့် ကိုရီးယားနိုင်ငံအစိုးရတို့ ပူးပေါင်းကာ မြန်မာဆယ်မားအူးလ်ဒုန်းစီမံကိန်း၏ ထောက်ပံ့မှု၊ ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင်ထည့်ဝင်ပေးမှုဖြင့် ကျေးရွာများ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ရှိသယံဇာတ သဘာဝ စပီရူလိုင်းနားစိမ်းပြာရေညှိအင်းများ






တွင်းတောင်အင်း (ဘုတလင်မြို့နယ်)



တွင်းမအင်း (ကနီမြို့နယ်)



တောင်ပျောက်အင်း (ကနီမြို့နယ်)








ရေခါးအင်း (စစ်ကိုင်းမြို့နယ်)




HAPPY NEW YEAR 2017!

# ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဖြစ်စဉ်များနှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံဖြန့်ချိ

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းအမှားများ ဖြန့်ချိခြင်း၊ အခြားနိုင်ငံများမှ ဖြစ်စဉ်များကို မြန်မာနိုင်ငံတွင် ဖြစ်နေသယောင် လုပ်ကြံဖန်တီးဖော်ပြခြင်း စသည်တို့ ဆောင်ရွက်ခဲ့သည်။ စာမျက်နှာ ၈ ကော်လံ ၁ ❖

(မဟုတ်မမှန်ဝါဒဖြန့်ခြင်း) ရခိုင်ပြည်နယ်တွင်အရှင်လတ်လတ် မီးရှို့ခံနေရသည်ဟု ဖော်ပြထားသည့်ပုံ

(မြစ်ဖျစ်အမှန်) ၂၀၁၂ ခုနှစ် ဧပြီလက တရုတ်သမ္မတ အိန္ဒိယသို့ အလည်အပတ်ရောက်ရှိစဉ် တိဗက်တက်ကြွ လှုပ်ရှားသူ Jamphel Yeshi ဆိုသူမှ ဆန္ဒပြစဉ်ကို ကန့်ကွက်ကြောင်း ဒေလီမြို့တွင် ၎င်းကိုယ်ကို မီးရှို့၍ ပြေးလွှားနေပုံ




# MMA ကစားသမားအောင်လအန်ဆန် ၂၀၁၇ ခုနှစ်တွင် ပြိုင်ပွဲများယှဉ်ပြိုင်မည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံဖွား ကချင်တိုင်းရင်းသား MMA ကစားသမား အောင်လအန်ဆန်၏ ပွဲစဉ်များကို ၂၀၁၇ ခုနှစ်အတွင်း၌ မြန်မာအားကစားပရိသတ်များ ဆက်လက်တွေ့မြင်ရဦးမည်ဖြစ်သည်။

အောင်လအန်ဆန်သည် ဒီဇင်ဘာလကုန်ပိုင်းတွင် ဘက်စုံ ကိုယ်ခံပညာသုံး MMA ပြိုင်ပွဲများကို ကြီးမှူးကျင်းပနေ သည့် ONE Championship အဖွဲ့အစည်းနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း၌ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ONE Championship အဖွဲ့အစည်းသည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် MMA ပြိုင်ပွဲ (၁၈)ပွဲကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံ၌ နှစ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ စာမျက်နှာ ၅ ကော်လံ ၄ ❍



အောင်လအန်ဆန်နှင့် ပတ်စတာနက်ခ်တို့ ၂၀၁၆ ခုနှစ် အောက်တိုဘာလက ထိုးသတ်နေစဉ်

# (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီလ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့၌ ယင်းနေ့ နံနက် ၆နာရီ မိနစ် ၄၀ မှ စတင်၍ တိုက်ရိုက် (live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ ကြေညာ စာမျက်နှာ-၁၁

